ကြေးမုံ The Mirror

၁၉၅၇ ဧပြီ ၁၀ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်၊ သောကြာနေ့ (17-1-2014) (၇၇၂၈)

ထူးခြားသည့် ညအပူချိန်များ

ဟားခါး	၂ ဒီဂရီစင်တီဂရိတ်
လွိုင်လင်	၄ ဒီဂရီစင်တီဂရိတ်
နမ့်စန်	၅ ဒီဂရီစင်တီဂရိတ်
ပြင်ဦးလွင်	၅ ဒီဂရီစင်တီဂရိတ်

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ မြှင့်တင်ရေးအခမ်းအနား တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ နံနက်ပိုင်းတွင် မကွေးမြို့၌ ကျင်းပသည့် မကွေးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနားနှင့် မကွေးမြို့ မြေလတ်သားအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ နှမ်းအခွံချွတ်နှင့် နှမ်းလှော်ဆီမွှေးစက်ရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် နံနက် ၈ နာရီတွင် မကွေးမြို့သို့ အထူးလေယာဉ်ဖြင့်ရောက်ရှိရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများက မကွေးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အလားတူ မကွေးမြို့မှ ဒေသခံပြည်သူများကလည်း မြို့အဝင်လမ်းနှင့် မြို့တွင်းလမ်းတစ်လျှောက် လှိုက်လှဲစွာကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် မကွေးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ **စာမျက်နှာ ၈ ကော်လံ ၃ သို့ ☆**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တန် ၃၀ ကျ ဆီစက်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဝမ်းတွင်းမြို့နယ် ထီးလှိုင်ကျေးရွာ ထီးလှိုင်ကန်နှင့်ဆက်စပ်သောကန်ငယ်များ ပြန်လည်ပြုပြင်မည်

သတင်းနှင့်ဓာတ်ပုံ - ချမ်းသာ(မိတ္ထီလာ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံတွင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ပင်မအခြေခံဖြစ်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေရန် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများဖြစ်သည့် တာတမံများ အသစ်တည်ဆောက်ခြင်း၊ တည်ဆောက်ပြီး ဆည်/ကန်များအား ပြုပြင်ထိန်းသိမ်းခြင်း၊ ကျေးလက်ဒေသရှိ ဆည်/ကန်ငယ်များအား ပြုပြင်ဆောင်ရွက်ပေးခြင်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြပါရှိသော “ထီးလှိုင်ကျေးရွာ ထီးလှိုင်ဆည်ကြီးအား ပြန်လည်ပြုပြင်ပေးစေချင်”ဟူသော သတင်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီးက ဖတ်ရှုသိရှိခဲ့သည်။ **စာမျက်နှာ ၁၂ ကော်လံ ၃ သို့ ✻**

ကြေးမုံ စာ တ ည်း ရှု ထော င့် ၁၇-၁-၂၀၁၄၊ သောကြာနေ့

၂၀၁၄ အမျိုးသားရေးလုပ်ငန်းစဉ်

၂၀၁၄ ခုနှစ် မတ်လ ၃၀ ရက်မှ ဧပြီလ ၁၂ ရက်နေ့အထိ မြန်မာနိုင်ငံ၏ လူဦးရေနှင့် အိမ်အကြောင်းအရာတို့ကို ၁၂ ရက်ကြာ သန်းခေါင်စာရင်းကောက်ယူတော့မည်ဖြစ်သည်။ယခုကဲ့သို့ သန်းခေါင်စာရင်းကောက်ယူခြင်းသည် မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၃၀ ကျော်ကြာ ကွာဟနေသော လူဦးရေနှင့် အိမ်ရာအကြောင်းတို့ကို ခေတ်ပြောင်းစနစ်ပြောင်းကာလတွင် မှန်မှန်ကန်ကန် သိရှိနိုင်စေရန်အတွက်ဖြစ်သည်။

ထိုသို့သိရှိနိုင်မှုလည်း ဖြစ်ပေါ်နေသော နိုင်ငံ၏လူဦးရေအချိုးနှင့် လူမှုရေး၊ စီးပွားရေးဆိုင်ရာ အချက်အလက်များသည် နိုင်ငံတော်ပြုပြင်ပြောင်းလဲရေး၊ ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်တည်ဆောက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေးတို့အတွက် မှန်ကန်စွာ အထောက်အကူပြုနိုင်မည်ဖြစ်သည်။

သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများကို ယခင်ခေတ်ကာလ အဆက်ဆက်က ရည်ရွယ်ချက်အဖုံဖုံ ကောက်နည်းအမျိုးမျိုးဖြင့် ကောက်ယူခဲ့ကြသည်။ နောက်ဆုံးကောက်ယူခဲ့သော ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းသည် မြန်မာနိုင်ငံ၏ လူဦးရေစာရင်းရရှိရေးကိုသာ အဓိကဦးတည်ကောက်ယူခဲ့သည်။ ယခုကောက်ယူမည့် သန်းခေါင်စာရင်းသည် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသော လူဦးရေစာရင်းသာမက ထိုလူတို့၏ လူမှုရေးနှင့် စီးပွားရေးအချက်အလက်များကိုပါ မှန်ကန်စွာသိရှိနိုင်မည်ဖြစ်သည်။

ထို့ကြောင့် သန်းခေါင်စာရင်းကောက်ယူမည့်အချိန်တွင် ပြည်သူများအနေဖြင့် စာရင်းကောက်များ၏ မေးမြန်းမှုများကို မှန်မှန်ကန်ကန် တိတိကျကျ ဖြေကြားတတ်ဖို့၊ ဖြေကြားနိုင်ဖို့လိုပေလိမ့်မည်။ ယခုဆောင်ရွက်မည့် လုပ်ငန်းစဉ်ကြီးသည် တစ်နိုင်ငံလုံး တစ်ပြိုင်နက်၊ တစ်ပြေးညီဆောင်ရွက်မည့် လုပ်ငန်းစဉ်ကြီးဖြစ်သောကြောင့် တိုင်းရင်းသားမိဘပြည်သူအားလုံးက အမျိုးသားရေးတာဝန်သိစွာဖြင့် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့လိုမည်ဖြစ်သည်။

သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဆိုသည်မှာ တိုင်းပြည်တစ်ပြည်အတွက် အရေးကြီးသော လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ လိုရင်းအချက်မှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ရန်ဖြစ်သည်။ ယင်းအချက်ကို နားလည်မှုလွဲမှားပြီး အခြားမလိုလားအပ်သည့် အတွေးများ ပြည်သူများ အတွေးမမှားမိရန်လိုပေသည်။

ယနေ့ဆောင်ရွက်နေသော တိုင်းရင်းသားပြည်သူများအား အကြို သန်းခေါင်စာရင်းကောက်ယူနေမှု လုပ်ငန်းများကိုလည်း မျက်ခြည်မပြတ်ရန် လိုပေသည်။ အထူးသဖြင့် လူဦးရေဖောင်းပွခြင်းမရှိဘဲ နိုင်ငံအတွင်း အမှန်လူဦးရေစာရင်းကို သိရှိကောက်ယူနိုင်ရမည်ဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူရာတွင် မဖြစ်မနေထည့်သွင်းကောက်ယူရမည့်စာရင်းနှင့်သန်းခေါင်စာရင်းတွင် ထည့်မကောက်ရမည့် စာရင်းကိုလည်း ခွဲခွဲခြားခြား သိရှိနားလည်ထားရမည်ဖြစ်သည်။

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း စတင်ကောက်ယူရမည့်အချိန်မှာ ယခုနှစ် မတ်လ ၂၉ ရက် ညဉ့်သန်းခေါင်ယံအချိန်ကို သန်းခေါင်စာရင်းရည်ညွှန်းချိန်အဖြစ် သတ်မှတ်ထားသောကြောင့် မေးမြန်းမည့်သတင်းအချက်အလက်များကို ဖြေကြားမည့်ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် အမှန်တကယ်ရှိသူတို့၏ အမည်စာရင်းကို တိကျစွာကြိုတင်မှတ်သားထားပြီး အမှန်ဖြေကြားတတ်ဖို့အထူးလိုအပ်ပါသည်။

သို့ဖြစ်ရာ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကြီးသည် အမျိုးသားရေး လုပ်ငန်းစဉ်ကြီးဖြစ်သောကြောင့် ထိုလုပ်ငန်းစဉ်ကြီးအောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် တာဝန်ရှိသူများအားလုံး တက်တက်ကြွကြွ စိတ်ပါဝင်စားစွာဖြင့် ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့ခဲ့ကြသည်။

ဂျော်ဂျီယာသမ္မတနိုင်ငံ

နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ ဂျော်ဂျီယာသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျော်ဂျီမာ့ခ် ဗီလက်ရှ်ဗီလီမှ ပေးပို့သော သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏လွတ်လပ်ရေးနေ့၌ အဆွေတော်သမ္မတကြီးအတွက် ဂျော်ဂျီယာအစိုးရနှင့် ပြည်သူများကိုယ်စား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံကြား အပြန်အလှန်ဆက်ဆံမှုများသည် လာမည့်နှစ်များတွင် ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း ဖော်ပြထားသည်။

ဘူတန်နိုင်ငံ

နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ ဘူတန်နိုင်ငံဘုရင်မင်းမြတ် ဂျင်မီခေဆာနန်းဂျဲလ်ဝန်ချပ်မှ ပေးပို့သောသဝဏ်လွှာတွင် မြန်မာနိုင်ငံ၏လွတ်လပ်ရေးနေ့အခါသမယ၌ အဆွေတော်သမ္မတကြီးနှင့် မြန်မာပြည်သူများ ဝမ်းမြောက်စွာရှိပါစေဟု ဆုတောင်းမေတ္တာပို့သပါကြောင်းနှင့် ငြိမ်းချမ်းပျော်ရွှင်စွာရှိပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း ဖော်ပြထားသည်။

ကူဝိတ်နိုင်ငံ

နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ ကူဝိတ်နိုင်ငံ ဘုရင်မင်းမြတ် ဆာဘားအယ်လ်အာမက်အယ်လ်ဂျာဘားအယ်လ်ဆာဘားမှ ပေးပို့သောသဝဏ်လွှာတွင် မြန်မာနိုင်ငံမှ လွတ်လပ်ရေးနေ့အခါသမယ၌ အဆွေတော်သမ္မတကြီးဝမ်းမြောက်ပျော်ရွှင်စွာရှိပါစေဟု ဆုတောင်းမေတ္တာပို့သပါကြောင်း၊ အဆွေတော်သမ္မတကြီးနှင့် မြန်မာပြည်သူများ ကျန်းမာရွှင်လန်းကြပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်းဖော်ပြထားသည်။

အလားတူ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ကူဝိတ်နိုင်ငံ အိမ်ရှေ့မင်းသား နာဝါအယ်လ်အာမက်ဂျာဘားအယ်လ်ဆာဘားကလည်း ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

ဘယ်လာရုစ်သမ္မတနိုင်ငံ

မြန်မာနိုင်ငံ၏လွတ်လပ်ရေးနေ့အခါသမယ၌ အဆွေတော်သမ္မတကြီးနှင့် မြန်မာပြည်သူများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း မြန်မာနိုင်ငံနှင့်ဘယ်လာရုစ်သမ္မတနိုင်ငံတို့သည် နယ်ပယ်ကဏ္ဍစုံ၌ အပြန်အလှန်ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ချစ်ကြည်ရင်းနှီးသည့် မိတ်ဖက်နိုင်ငံများဖြစ်ပါကြောင်း၊ အဆွေတော်သမ္မတကြီးအဆင်ပြေသည့် မည်သည့်အချိန်တွင်မဆို ဘယ်လာရုစ်နိုင်ငံသို့လာရောက်လည်ပတ်ရန် ဖိတ်မန္တကပြုပါကြောင်းနှင့် အဆွေတော်၏ ချစ်ကြည်ရေးခရီးစဉ်မှအစပြု၍ နှစ်နိုင်ငံဆက်ဆံရေးစာမျက်နှာသစ်ဖွင့်လှစ်နိုင်ရန် ယုံကြည်ပါကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ပေးပို့သော ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒားလူကာရှန်ကို၏သဝဏ်လွှာတွင် ဖော်ပြထားသည်။

အလားတူ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မိခယ်လ်မီယာစနီကိုဗစ်ချ်ကလည်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

		၁၆
ရန်ကုန် ရွှေဈေး	၆၅၆၅၀၀	- ၆၅၇၂၀၀
မန္တလေး ရွှေဈေး	၆၅၆၃၀၀	- ၆၅၇၀၀၀

စက်သုံးဆီဈေးနှုန်း

(က) ဒီဇယ်	တစ်လီတာ	၉၅၀	ကျပ်
(ခ) အောက်တိန်း95	တစ်လီတာ	၁၁၀၀	ကျပ်
(ဂ) အောက်တိန်း92	တစ်လီတာ	၉၂၀	ကျပ်
(ဃ) ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	= ၉၈၆. ၀၀
(ခ) ဥရောပ	တစ်ယူရို	= ၁၃၄၀. ၇
(ဂ) စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၃. ၃၆
(ဃ) တရုတ်	တစ်ယွမ်	= ၁၆၃. ၀၈
(င) ထိုင်း	တစ်ဘတ်	= ၂၉. ၉၃၃
(စ) မလေးရှား	တစ်ရင်းဂစ်	= ၂၉၉. ၁၅
(ဆ) အိန္ဒိယ	တစ်ရူပီး	= ၁၆. ၀၁၂
(ဇ) ဂျပန်	တစ်ရာယန်း	= ၉၄၁. ၀၂
(ဈ) တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၂. ၅၅၆
(ည) ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၇၀. ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

မီးကြွင်းမီးကျန် မထားရန် ကျင့်ကြံသတိ အမြဲရှိ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကော်မတီ၊ ကော်မရှင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကော်မတီ၊ ကော်မရှင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဖွင့်အမှာစကားပြောကြားပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ယခင်အပတ်အစည်းအဝေးဆုံးဖြတ်ချက်များအား ရှင်းလင်းတင်ပြကာ ကော်မတီ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများက ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာသူများက အထွေထွေဆွေးနွေးတင်ပြကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ပြည်တွင်းပြည်ပသတင်းမီဒီယာများနှင့် တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၆

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသည် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအနေဖြင့် အနာဂတ်အာဆီယံအတွက် ကျယ်ပြန့်ပွင့်လင်းစွာ ဆွေးနွေးနိုင်ရန် ကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း၊ ၎င်းအစည်းအဝေးတွင် ပုံမှန်အားဖြင့် တစ်နှစ်တာအတွက် ဆောင်ရွက်သွားရမည့် အစီအစဉ်များချမှတ်လေ့ရှိပါကြောင်းဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ယနေ့ညနေပိုင်းတွင် ပုဂံမြို့ရှိ နန်းမြင့်မျှော်စင်၌ ပြည်တွင်းပြည်ပ သတင်းမီဒီယာများနှင့် တွေ့ဆုံရာတွင် **(အပေါ်ပုံ)**ထည့်သွင်းပြောကြားခဲ့သည်။

ထို့အပြင် ယခုအစည်းအဝေးသည် မြန်မာနိုင်ငံ၏ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရာ၌ ပထမဆုံးကျင်းပသည့် အာဆီယံဝန်ကြီးများအဆင့် အစည်းအဝေးဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးတွင် (၂၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ ရလဒ်များနှင့် စပ်လျဉ်း၍ နောက်ဆက်တွဲ ဆောင်ရွက်ရန်ရှိသည်များကို ဆောင်ရွက်သွားရန်၊ ၂၀၁၄ ခုနှစ်အတွက် ဦးစားပေးညှိနှိုင်းဆောင်ရွက်သွားရမည့် အာဆီယံ၏ လှုပ်ရှားဆောင်ရွက်မှုများ၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာ ကိစ္စရပ်များကို ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်းတည်ထောင်မှု၊ မျှော်မှန်းချက်ဆိုင်ရာ ဘန်ဒါဆရီဘီဂါဝန်ကြေညာချက်နှင့်အညီ ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်လုပ်ငန်းဆိုင်ရာ တိုးတက်မှုစသည်တို့ကို ဆွေးနွေးသွားမှာဖြစ်ကြောင်း၊ မိမိတို့အားလုံးစည်းစည်းလုံးလုံးဖြင့် လုပ်ဆောင်ပါက ထူးခြားပြောင်မြောက်သည့် အောင်မြင်မှုများကို မလွဲမသွေရရှိမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပဏာမရှင်းလင်းပြောကြား၍ တက်ရောက်လာသည့် ပြည်တွင်းပြည်ပ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌတာဝန် ထမ်းဆောင်ချိန်၌ အကောင်အထည်ဖော် ဆောင်ရွက်မည့် ရည်မှန်းချက်များမှာ ၂၀၁၅ ခုနှစ်အလွန်အာဆီယံမျှော်မှန်းချက်ကို စုပေါင်းပြုစုရန် အသေးစားနှင့် အလတ်စားလုပ်ငန်းများကို အာဆီယံ၏ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကတွန်းအားအနေဖြင့် မြှင့်တင်ဆောင်ရွက်ရန်၊ အဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကျဉ်းမြောင်းစေရန်၊ အာဆီယံပေါင်းစည်းဆက်နွယ်မှု မဟာစီမံကိန်းတွင် ပြင်ပမိတ်ဖက်နိုင်ငံများနှင့် ဆက်နွယ်မှုကို ထည့်သွင်းဆောင်ရွက်ရန်တို့အပါအဝင် ရည်မှန်းချက်များချမှတ်ထားကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ-တရုတ်ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေးဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၆

ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး H.E.Mr. Yang Houlan နှင့် အဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အပြည်ပြည်ဆိုင်ရာ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး တရုတ်သံအမတ်ကြီးက မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ၏ ဆက်ဆံရေးမှာ ရှေးယခင်ကတည်းက ချစ်ကြည်ရင်းနှီးမှုရှိခဲ့ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် အကူအညီများစွာပေးရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊ ရှေ့ဆက်၍လည်း အကူအညီများ ပေးလိုပါကြောင်း၊ မိမိအနေဖြင့် မြန်မာနိုင်ငံတွင် ကိုးလတာ တာဝန်ထမ်းဆောင်မည်ဖြစ်ပြီး နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးဆက်လက်ကောင်းမွန်စေရန်အတွက် ယခုကဲ့သို့ လာရောက်တွေ့ဆုံရခြင်းဖြစ်ပါကြောင်းပြောကြားရာ ပြည်ထောင်စုရှေ့နေချုပ်က တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် အကူအညီများပေးနေမှုကို ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံးနှင့် သင့်မြတ်သဖြင့် အောင်မြင်မှုများရရှိနေပါကြောင်း၊ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံအပေါ် အကူအညီပေးမှုများကိုလည်း များစွာကျေးဇူးတင်ပါကြောင်းဖြင့် ပြန်လည်ပြောကြားကာ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်စေရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

မျက်မမြင်သူများအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်အား Japan Nippon Foundation မှ Chief Executive Mr.Ohno Suichi သည် ယနေ့ နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံပြီး မျက်မမြင်သူများအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သော မျက်မမြင်အနှိပ်ပညာ သင်တန်းများပို့ချခြင်း၊ ရိုးရာအနှိပ်ပညာနှင့်ဂျပန်အနှိပ်ပညာများ ပိုမိုကျယ်ပြန့်စွာ အသုံးပြုနိုင်ရေးတို့အတွက် နှစ်နိုင်ငံပိုမိုပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှား သံအမတ်ကြီး ပြောင်းလဲခန့်အပ်ခြင်းကို သဘောတူပြီးဖြစ်

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆီဘတ်စ်တီနတ်စ်ဆူမာဆိုနို၏ နေရာတွင် ဒေါက်တာ အီတိုဆူမာဒီအား ခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

ဒေါက်တာ အီတိုဆူမာဒီအား အင်ဒိုနီးရှားနိုင်ငံ ဘိုဂေါပြည်နယ်၌ ၁၉၅၃ ခုနှစ် ဇွန် ၁၇ ရက်တွင် မွေးဖွားသည်။ ၎င်းသည် ရဲအတတ်သင်တက္ကသိုလ်မှ ၁၉၇၇ ခုနှစ်တွင် ဘွဲ့ရရှိခဲ့ပြီး အင်ဒိုနီးရှားရဲတပ်ဖွဲ့တွင် ရာထူးအဆင့်ဆင့်ဖြင့် ရဲချုပ်ရာထူးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ဒေါက်တာ အီတိုဆူမာဒီသည် စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့်စီမံခန့်ခွဲမှုဆိုင်ရာမဟာဝိဇ္ဇာဘွဲ့များကို ၁၉၉၆ ခုနှစ်နှင့် ၁၉၉၇ ခုနှစ်တွင် မှုခင်းဆိုင်ရာ ဥပဒေဘာသာရပ် မဟာဝိဇ္ဇာဘွဲ့နှင့် ပါရဂူဘွဲ့တို့ကို ၂၀၀၄ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်တို့တွင် ရရှိခဲ့သည်။

၎င်းသည် ရဲတပ်ဖွဲ့၌ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ဂုဏ်ပြုဆုတံဆိပ်မြောက်မြားစွာကိုလည်း ချီးမြှင့်ခြင်းခံခဲ့ရသူဖြစ်ကာ အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးသုံးဦးရှိသည်။ **(သတင်းစဉ်)**

အငယ်တန်းသတင်းထောက်နှင့် စာပေလက်ထောက် (၂) ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲဖြေဆိုရန် အကြောင်းကြားခြင်း

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ မြန်မာ့အလင်းသတင်းစာတိုက်နှင့် မြန်မာ့သတင်းစဉ် (နိုင်ငံခြား)တို့တွင် တာဝန်ထမ်းဆောင်ရန် အငယ်တန်းသတင်းထောက်(လစာနှုန်း ၇၉၀၀၀-၁၀၀၀-၈၄၀၀၀) ရာထူး (၁၀)နေရာနှင့် စာပေလက်ထောက် (၂) (လစာနှုန်း ၇၉၀၀၀-၁၀၀၀-၈၄၀၀၀) ရာထူး (၆) နေရာတို့အတွက် လျှောက်လွှာများ လက်ခံရရှိထားပြီး ဖြစ်ပါသည်။

အဆိုပါလျှောက်ထားသူများသည် ၂၅-၁-၂၀၁၄ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အထက(၁၄) နေပြည်တော်နှင့် ရန်ကုန်မြို့ သိမ်ဖြူလမ်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)တို့၌ သတင်းစာပညာ၊ အထွေထွေဗဟုသုတ၊ အင်္ဂလိပ်စာနှင့် ကွန်ပျူတာပညာရပ်များကို ဖြေဆိုရမည်ဖြစ်ပါသည်။ ဖြေဆိုခွင့်ရသူများစာရင်းနှင့် အခြားသိလိုသည်များကို နေပြည်တော် ရုံးအမှတ်(၇) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စီမံရေးရာဌာန ဖုန်း-၀၆၇-၄၁၂၂၃၊ သတင်းဌာန ဖုန်း-၀၆၇-၄၁၂၂၅၊ ၀၁-၂၉၄၃၀၀ တို့သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းသတင်းပေးပို့ကြရန် အကြောင်းကြားပါသည်။





၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်း ဥပဒေကြမ်း

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်း ဥပဒေကြမ်း

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၇၅ ခုနှစ်၊ လ ရက်
(၂၀၁၄ ခုနှစ်၊ လ ရက်)

နိဒါန်း

နိုင်ငံတော်တွင် စိုက်ပျိုးရေးကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် ကဏ္ဍစုံ ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချိုးကျ မျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားရေး နယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး၊ စာရင်းအင်းကိန်းဂဏန်းများ အရည်အသွေးပြည့်ဝရေး စသည့် စီးပွားရေးမူဝါဒ(၄)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ဆင်းရဲချမ်းသာကွာဟမှု လျှော့နည်းရေး၊ ပြည်သူလူထု၏ လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်ရေး၊ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်ရေးစသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး မျှော်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန် အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေဟုခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် ၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ပထမငါးနှစ်စီမံကိန်း၏ စတုတ္ထနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-
(က) **အမျိုးသားစီမံကိန်း** ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေး တစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ စီမံကိန်းများ၌ အနှစ် ၂၀ နှစ်ရှည်စီမံကိန်း၊ ငါးနှစ် ကာလတိုစီမံကိန်း၊ အဆိုပါ စီမံကိန်းများကို နှစ်စဉ်အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများ ပါဝင်ပါသည်။ အမျိုးသားစီမံကိန်းတွင် ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ လုပ်ငန်းစီမံကိန်းများ၊ စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များနှင့် မြို့ပြစီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ စသည့် စီမံကိန်းများ ဘက်စုံဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။
(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေး တစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။
(ဂ) **ပုံမှန်စျေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏စျေးနှုန်းဖြစ်သည်။
(ဃ) **နှစ်အလိုက်စျေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ စျေးနှုန်းဖြစ်သည်။
(င) **သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများ**ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များကို ဆိုသည်။

အခန်း (၂)
စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်စီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP)ကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်စျေးနှုန်းများအရ ၉ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်ရန်၊
(ခ) ပုံမှန်စျေးနှုန်းများအရ-
(၁) လယ်ယာကဏ္ဍတွင် ၂ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ရန်၊
(၂) သားငါးကဏ္ဍတွင် ၈ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ရန်၊
(၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်လျက်ရှိသဖြင့် သစ်တောကဏ္ဍတွင် ၂၉ ဒသမ ၄ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊
(၄) စွမ်းအင်ကဏ္ဍတွင် ၁၃ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၈ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ရန်၊
(၆) စက်မှုလက်မှုကဏ္ဍတွင် ၉ ဒသမ ၅ရာခိုင်နှုန်း တိုးတက်ရန်၊
(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၁၁ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်ရန်၊
(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၁၄ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ရန်၊
(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၇ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၆၈ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၂၃ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၂) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၂၁ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၃) ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၁ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၅ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(ဂ) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်စျေးနှုန်းများအရ-
(၁) ကချင်ပြည်နယ်တွင် ၂ ဒသမ သုည ရာခိုင်နှုန်း တိုးတက်ရန်၊
(၂) ကယားပြည်နယ်တွင် ၁၀ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ရန်၊
(၃) ကရင်ပြည်နယ်တွင် ၁၅ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၄) ချင်းပြည်နယ်တွင် ၂၆ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၉ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ရန်၊
(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၉ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၇) ပဲခူးတိုင်းဒေသကြီးတွင် ၈ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ရန်၊
(၈) မကွေးတိုင်းဒေသကြီးတွင် ၈ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(၉) မန္တလေးတိုင်းဒေသကြီးတွင် ၁၂ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၀) မွန်ပြည်နယ်တွင် ၁၀ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၁) ရခိုင်ပြည်နယ်တွင် ၅ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၉ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၃) ရှမ်းပြည်နယ်တွင် ၅ ဒသမ ၀ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၆ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၂၈ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(ဃ) တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်စျေးနှုန်းများအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၉ ဒသမ ၉ ရာခိုင်နှုန်းမှ ၂၈ ဒသမ ၆ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၃ ဒသမ ၈ ရာခိုင်နှုန်းမှ ၃၅ ဒသမ သုည ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၆ ဒသမ ၃ ရာခိုင်နှုန်းမှ ၃၆ ဒသမ ၄ ရာခိုင်နှုန်းသို့ လည်းကောင်း အသီးသီးဖြစ်ပေါ်ရန်။
(င) နှစ်အလိုက်စျေးနှုန်းများအရ စုစုပေါင်းစားသုံးမှုတန်ဖိုးကို ကျပ် ၄၈,၈၀၉ ဒသမ ၇ ဘီလီယံဖြစ်ပေါ်ရန်၊
(စ) နှစ်အလိုက် စျေးနှုန်းများအရ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင်အခန်းမှ အချိုးအစားအားဖြင့် ၂၉ ဒသမ၄ ရာခိုင်နှုန်း၊ သမဝါယမပိုင်အခန်းမှ အချိုးအစားအားဖြင့် သုည ဒသမ ဝ၁ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင်အခန်းမှ အချိုးအစားအားဖြင့် ၇၀ ဒသမ ၆ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံရန်၊
(ဆ) နှစ်အလိုက် စျေးနှုန်းများအရ ပြည်ပပို့ကုန်ကို ကျပ် ၁၂,၄၄၆ ဒသမ သုည ဘီလီယံတင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို ကျပ် ၁၂,၇၄၀ ဒသမ သုည ဘီလီယံတင်သွင်းရန်၊
(ဇ) လူတစ်ဦးစီ၏ ပျမ်းမျှပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(Per capita GDP)မှာ နှစ်အလိုက် စျေးနှုန်းများအရ ကျပ် ၉၆၂,၂၄၀ မှ ကျပ် ၁,၀၆၅,၂၇၇ သို့ ဖြစ်ပေါ်လာရန်၊

(ဆက်လက်ဖော်ပြပါမည်)

ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေကြမ်း

ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေကြမ်း

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် /၂၀၁၄)
(၁၃၇၅ ခုနှစ်၊ လ ရက်)
(၂၀၁၄ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်၊ စီရင်ပိုင်ခွင့်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေအရ အရေးယူနိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို မည်သူမဆို ပြည်တွင်းတွင်ဖြစ်စေ၊ မြန်မာနိုင်ငံ၏တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ်၊ လေယာဉ်နှင့် စက်တပ်ယာဉ်တစ်ခုခုပေါ်တွင်ဖြစ်စေ ကျူးလွန်လျှင်လည်းကောင်း၊ မြန်မာနိုင်ငံသား သို့မဟုတ် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ခွင့်ရသူက ပြည်ပတွင် ကျူးလွန်လျှင်လည်းကောင်း ဤဥပဒေအရ စီရင်ပိုင်ခွင့်ရှိစေရမည်။

၃။ ဤဥပဒေတွင် ပါရှိသော စကားရပ်များသည် အောက်ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-
(က) **ဗဟိုအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ကို ဆိုသည်။
(ခ) **ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့**ဆိုသည်မှာ ဤဥပဒေအခန်း(၅)အရ ဖွဲ့စည်းထားသောဌာန သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။
(ဂ) **စိစစ်ရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေ အခန်း(၆)အရ ဖွဲ့စည်းတာဝန်ပေးအပ်သော အဖွဲ့ကိုဖြစ်စေ၊ အဖွဲ့အစည်းကိုဖြစ်စေဆိုသည်။
(ဃ) **စုံစမ်းစစ်ဆေးရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေ အခန်း(၇)အရ ဖွဲ့စည်းတာဝန်ပေးအပ်သောအဖွဲ့ကိုဆိုသည်။
(င) **သတင်းပို့အဖွဲ့အစည်း**ဆိုသည်မှာ ဤဥပဒေက သတင်းပို့ရန် သတ်မှတ်ထားသည့် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အပါအဝင် ဗဟိုအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဤဥပဒေအရသတင်းပို့ရန် အခါအားလျော်စွာ သတ်မှတ်တာဝန်ပေးအပ်ခြင်းခံရသည့် အဖွဲ့အစည်းကို ဆိုသည်။
(စ) **စည်းမျဉ်းထိန်းသိမ်းကြီးကြပ်သည့်အာဏာပိုင်** ဆိုသည်မှာ ငွေရေးကြေးရေးအဖွဲ့အစည်းများ သို့မဟုတ် သတင်းပို့ရန်သတ်မှတ်ထားသည့် ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်း ပညာရှင်များအနေဖြင့် ဤဥပဒေအရ လိုက်နာဆောင်ရွက်ရန် လိုအပ်ချက်များအပေါ် တိကျစွာ လိုက်နာဆောင်ရွက်ကြစေရေးအတွက် ကြီးကြပ်ရန်တာဝန်ရှိကြောင်း ဗဟိုအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်လျက် တာဝန်ပေးအပ်ခြင်းခံရသူကို ခေါ်သည်။
(ဆ) **ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်း**ဆိုသည်မှာ နိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေနှင့်အခြားသက်ဆိုင်သော ဥပဒေများအရ တည်ထောင်ထားသော ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ဖောက်သည်တစ်ဦးဦးအတွက်ဖြစ်စေ သို့မဟုတ် ၎င်း၏ကိုယ်စား အောက်ပါဆောင်ရွက်မှု တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ဆောင်ရွက်မှုများကိုဖြစ်စေ စီးပွားရေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်သည့် ကူးသန်းရောင်းဝယ်ရေးဘဏ် သို့မဟုတ် ဖွံ့ဖြိုးရေးဘဏ်၊ ငွေစုငွေချေးအသင်း၊ ငွေရေးကြေးရေးကုမ္ပဏီ၊ ငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်ရေးကုမ္ပဏီ၊ နိုင်ငံခြားငွေဝယ်ယူရောင်းချလဲလှယ်ရေးကောင်တာ၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းအဖွဲ့အစည်း၊ အာမခံကုမ္ပဏီနှင့်အခြားအဖွဲ့အစည်းများကိုဆိုသည်-
(၁) ပုဂ္ဂလိကတစ်ဦးချင်းအတွက် ဘဏ်လုပ်ငန်းဆောင်ရွက်ပေးခြင်း၊ ပြည်သူများထံမှ အပ်ငွေများနှင့် ပြန်လည်ပေးအပ်ရမည့် ရန်ပုံငွေများ လက်ခံခြင်း၊
(၂) ပစ္စည်းသိမ်းဆည်းခြင်းအပါအဝင် ကူးသန်းရောင်းဝယ်ရေး ဆောင်ရွက်ချက်များအတွက် ငွေကြေးဖြည့်ဆည်းပေးခြင်း၊ စားသုံးသူ ချေးငွေ၊ အပေါင်ဖြင့် ချေးငွေများအပါအဝင်ငွေထုတ်ချေးခြင်း၊
(၃) စားသုံးသူဆိုင်ရာ ဆောင်ရွက်ချက်များနှင့်သက်ဆိုင်သည့် အစီအစဉ်များမှတစ်ပါး ငွေရေးကြေးရေးအငှားချထားခြင်း လုပ်ငန်းဆောင်ရွက်ခြင်း၊
(၄) ငွေကြေး သို့မဟုတ် တန်ဖိုးတစ်ရပ်ရပ်ကို လွှဲပြောင်းပေးခြင်း၊
(၅) အကြွေးဝယ်ကတ်နှင့် မြီစားကတ်များ၊ ခရီးသွားချက်လက်မှတ်၊ ငွေပေးအမိန့်များ၊ ဘဏ်ငွေလွှဲလက်မှတ်၊ အီလက်ထရွန်နစ်ငွေကြေးများနှင့် ပေးချေမှုနည်းလမ်းများထုတ်ဝေခြင်းနှင့် စီမံခန့်ခွဲခြင်း၊
(၆) ငွေရေးကြေးရေးဆိုင်ရာအာမခံနှင့် ကတိစာချုပ်များ ထုတ်ဝေခြင်း၊
(၇) အောက်ပါငွေရေးကြေးရေးစာချုပ်စာတမ်းများ ရောင်းဝယ်ခြင်း-
(ကက) ချက်လက်မှတ်များ၊ ဘီလ်များ၊ အပ်ငွေလက်မှတ်များနှင့် ဆင့်ပွားစာချုပ်စာတမ်းများ၊ နိုင်ငံခြားသုံးငွေ၊ အတိုးနှုန်းနှင့် စျေးနှုန်းညွှန်းကိန်း စာချုပ်စာတမ်းများ၊ လွှဲပြောင်းနိုင်သော ငွေချေးသက်သေခံလက်မှတ်များ အပါအဝင် ငွေကြေးဈေးကွက်စာချုပ်စာတမ်းများအား ရောင်းဝယ်ခြင်း၊
(ခခ) ကုန်စည်များကို အနာဂတ်ကာလအတွက် မျှော်မှန်း ရောင်းဝယ်ခြင်း၊

(ဆက်လက်ဖော်ပြပါမည်)

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်း

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်း

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ။)
၁၃၇၅ ခုနှစ်၊ လ ရက်
(၂၀၁၄ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်၊ စီရင်ပိုင်ခွင့်နှင့် အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤဥပဒေကို **အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် အောက်ဖော်ပြပါ အကြမ်းဖက်မှု သို့မဟုတ် ပြစ်မှုတစ်ခုခု ကျူးလွန်ရန် အားထုတ်သူ၊ အားပေးကူညီသူ၊ လှုံ့ဆော်သူ၊ ကြံရာပါအဖြစ် ဆောင်ရွက်သူများအပေါ် စီရင်ပိုင်ခွင့်ရှိစေရမည်-

(က) နိုင်ငံတော်အတွင်း မည်သူမဆို ကျူးလွန်သည့် အကြမ်းဖက်မှု သို့မဟုတ် ကျူးလွန်ခံရသည့် အကြမ်းဖက်မှု၊

(ခ) အများပြည်သူ၏ လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကို ဖြစ်စေ၊ အများပြည်သူ သို့မဟုတ် ပုဂ္ဂလိကအတွက် အရေးကြီးသော အခြေခံအဆောက်အအုံဆိုင်ရာ အသုံးအဆောင်ပစ္စည်းများကိုဖြစ်စေ၊ နိုင်ငံတော် သို့မဟုတ် နိုင်ငံတော်အစိုးရအဆောက်အအုံနှင့် အသုံးအဆောင်ပစ္စည်းများကိုဖြစ်စေ ပြင်းထန်စွာထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုများ၊

(ဂ) အကြမ်းဖက်မှုကို ကျူးလွန်သော သို့မဟုတ် ကျူးလွန်မည်ဖြစ်သော သို့မဟုတ် ကျူးလွန်ရန် ရည်ရွယ်ချက်ရှိသော အကြမ်းဖက်သမား တစ်ဦးဦးကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခုကိုဖြစ်စေ အားပေးကူညီရာရောက်သော အကြမ်းဖက်ငွေကြေးထောက်ပံ့မှု၊

(ဃ) ပြည်ပတွင်မြန်မာနိုင်ငံသားကဖြစ်စေ၊ နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ခွင့်ရသည့် နိုင်ငံခြားသားကဖြစ်စေ ကျူးလွန်သည့် အကြမ်းဖက်မှု သို့မဟုတ် ယင်းတို့တစ်ဦးဦးအပေါ်တွင် ကျူးလွန်သည့် အကြမ်းဖက်မှု၊

(င) ပြည်ပရှိ နိုင်ငံတော် သို့မဟုတ် နိုင်ငံတော်အစိုးရပိုင် အဆောက်အအုံ၊ အသုံးအဆောင်၊ ယာဉ်စက်ကိရိယာပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်၏သံရုံးနှင့် ကောင်စစ်ဝန်ရုံးအပါအဝင် သံတမန်ဆိုင်ရာ ရုံးများကိုလည်းကောင်း ကျူးလွန်သည့်အကြမ်းဖက်မှု၊

(စ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မြန်မာနိုင်ငံတော်အတွင်း မှတ်ပုံတင်ထားသောရေယာဉ် သို့မဟုတ် လေယာဉ်အပေါ်တွင် ကျူးလွန်သည့် အကြမ်းဖက်မှု၊

(ဆ) ပြည်ပမှ စင်းလုံးငှားရမ်းထားသော ရေယာဉ် သို့မဟုတ် လေယာဉ် သို့မဟုတ် စက်တပ်ယာဉ်တစ်ခုခုပေါ်တွင် အမှုထမ်းပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံအတွင်း အမြဲတမ်းနေထိုင်ခွင့်ရသော နိုင်ငံခြားသား သို့မဟုတ် ယင်းတို့ပိုင် အဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့က ကျူးလွန်သည့် အကြမ်းဖက်မှု၊

(ဇ) နိုင်ငံတော်အတွင်းသို့ ရောက်ရှိနေသော အကြမ်းဖက်မှုကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသူအား သက်ဆိုင်ရာပြည်ပနိုင်ငံ သို့မဟုတ် တရားခံလွှဲပြောင်းပေးရန် တောင်းဆိုချက်အပေါ် ခွင့်မပြုသည့်အခါ ထိုသူက ကျူးလွန်ခဲ့သည့် အကြမ်းဖက်မှု၊

(ဈ) နိုင်ငံတော်အတွင်း အခြေပြု၍ နိုင်ငံတော်ကိုသော်လည်းကောင်း၊ အခြားနိုင်ငံများကိုသော်လည်းကောင်း ကျူးလွန်သည့် အကြမ်းဖက်မှုများ၊

(ည) နိုင်ငံတော်၏ မြေပြင်၊ ရေပြင်၊ လေပြင်၊ ပိုင်နက်နယ်မြေနှင့် ကမ်းလွန်ရေတိမ်ပိုင်းတို့တွင် ဘေးအန္တရာယ်ဖြစ်စေရန် ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်သည့်ပြစ်မှုများ၊

(ဋ) နိုင်ငံတော်၏ ပိုင်နက်ပင်လယ် နယ်နိမိတ်ကိုကျော်လွန်၍ ပင်လယ်ရေပြင်အတွင်းသို့ ဖြစ်စေ၊ အဆိုပါ ရေပြင်မှဖြစ်စေ၊ အဆိုပါရေပြင်ကို ဖြတ်သန်းလျက်ဖြစ်စေ ခုတ်မောင်းသွားလာလျက်ရှိသော ရေယာဉ်များမှ သို့မဟုတ် ရေယာဉ်များအပေါ်တွင်လည်းကောင်း၊ ယင်းသို့ သွားလာရန် ခရီးစဉ်သတ်မှတ်ခုတ်မောင်းလျက်ရှိသော ရေယာဉ်များမှ သို့မဟုတ် ရေယာဉ်များအပေါ်တွင်လည်းကောင်း ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေရန် ဥပဒေနှင့်မညီဘဲတမင်ကျူးလွန်သော ပြစ်မှုများ၊

(ဌ) နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိပါးသည့် ဆူပူသောင်းကျန်းမှု သို့မဟုတ် အတင်းအဓမ္မနည်းဖြင့် ဆောင်ရွက်မှုများ၊

(ဍ) အကြမ်းဖက်သမားကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်ကိုဖြစ်စေ လက်နက်နှင့် ခဲယမ်းမီးကျောက်များ၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများ သို့မဟုတ် နျူကလီးယားဒြပ်ပစ္စည်းများကို ထုတ်လုပ်ပေးရန်၊ လွှဲပြောင်းပေးပို့ရန်၊ လက်ခံထိန်းသိမ်းပေးရန်၊ ထောက်ပံ့ရန် သို့မဟုတ် ထောက်ပံ့ရန်ကမ်းလှမ်းသည့်ပြုလုပ်မှုများ၊

(ဎ) သဘောသဘာဝအရ အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှုဖြစ်ပေါ်စေရန်သော်လည်းကောင်း၊ အစိုးရကို သို့မဟုတ် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းကို ဥပဒေနှင့်မညီဘဲ တစ်စုံတစ်ခုကို အတင်းအကျပ်ပြုလုပ်စေရန် သို့မဟုတ် ဥပဒေနှင့်အညီပြုလုပ်ရမည်ကို မပြုလုပ်ဘဲ ရှောင်ရှားစေရန်သော်လည်းကောင်း ရည်ရွယ်၍ အရပ်သားကို ဖြစ်စေ၊ လက်နက်ကိုင် ပဋိပက္ခတိုက်ပွဲဖြစ်နေသည့် အခြေအနေတွင် စစ်ပြိုင်မှု၌ ပါဝင်တိုက်ခိုက်ခြင်းမရှိသည့် အခြားသူတစ်ဦးဦးကိုဖြစ်စေ သေစေရန် သို့မဟုတ် အပြင်းအထန်နာကျင်စေရန် အခြားပြုလုပ်မှုများ၊

(ဏ) အများပြည်သူ၏ ကျန်းမာရေးကိုဖြစ်စေ၊ ဘေးကင်းရေးကိုဖြစ်စေ၊ သဘာဝပတ်ဝန်းကျင်ကိုဖြစ်စေ ဆိုးရွားစွာထိခိုက်စေသည့် ပြုလုပ်မှုများ၊

(တ) အကြမ်းဖက်အုပ်စုတစ်ခုခုတွင် သို့မဟုတ် အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရာတွင် သူတစ်ဦးဦးအား ပါဝင်စေခြင်းအလို့ငှာ တိုက်တွန်းရန်၊ စည်းရုံးသိမ်းသွင်းရန်၊ ဝါဒဖြန့်ရန် သို့မဟုတ် စုဆောင်းရန် ပြုလုပ်မှုများ၊

(ထ) အကြမ်းဖက်အုပ်စု ဖွဲ့စည်းရန်၊ အကြမ်းဖက်အုပ်စုတစ်ခုခုတွင် သိလျက်နှင့် ပါဝင်ဆောင်ရွက်ရန် သို့မဟုတ် တာဝန်ပေး၍ လှုပ်ရှားဆောင်ရွက်စေရန် ပြုလုပ်မှုများ၊

(ဒ) အကြမ်းဖက်သမားကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်ကိုဖြစ်စေ ဖမ်းဆီး၍ အရေးယူခြင်းမပြုနိုင်စေရန် သို့မဟုတ် လွတ်မြောက်စေရန်အလို့ငှာ သိလျက်နှင့် ခိုလှုံခွင့်ပေးရန်၊ ပုန်းအောင်းခွင့်ပေးရန်၊ ယာယီတည်းခိုနေထိုင်ခွင့်ပေးရန် သို့မဟုတ် ဖွက်ထားရန် ပြုလုပ်မှုများ၊

(ဓ) အကြမ်းဖက်သမားကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်ကိုဖြစ်စေ အဆောက်အအုံနှင့် နေရာတစ်ခုခုကို အသုံးပြုခွင့်၊ စုဝေးခွင့်၊ အစည်းအဝေးပြုလုပ်ခွင့်ပေးရန်၊ အကြမ်းဖက်မှုဆိုင်ရာ လေ့ကျင့်သင်တန်းပေးရန် သို့မဟုတ် သယ်ယူပို့ဆောင်ရေး စီစဉ်ဆောင်ရွက်ပေးရန် ပြုလုပ်မှုများ၊

(န) အကြမ်းဖက်မှုဟုနိုင်ငံတော်က အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ကြေညာသော ပြစ်မှုများ၊

(ဆက်လက်ဖော်ပြပါမည်)

အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲများအား ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၆

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပသော (၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ အားကစားကွင်း/အားကစားရုံများ၌ အသီးသီးကျင်းပလျက်ရှိရာ မွန်းလွဲ ၁ နာရီခွဲတွင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ မြန်မာနိုင်ငံမသန်စွမ်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်နေလင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်များနှင့်အတူပြိုင်ပွဲ ကျင်းပ ယှဉ်ပြိုင်နေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ဝဏ္ဏသိဒ္ဓိဖူဆယ်အားကစားရုံ၌ ကျင်းပလျက်ရှိသော မသန်စွမ်းသူများ ဘိုစီယာပြိုင်ပွဲ၏ မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံမှ အားကစားသမားများ ယှဉ်ပြိုင်နေမှုကို လည်းကောင်း၊ နေပြည်တော်ဝဏ္ဏသိဒ္ဓိစားပွဲတင်တင်းနစ်အားကစားလေ့ကျင့်ရုံသို့ ရောက်ရှိလာပြီး အာဆီယံမသန်စွမ်းစားပွဲတင်တင်းနစ်ပြိုင်ပွဲ အမျိုးသား/အမျိုးသမီးတစ်ဦးချင်း ဆေးအဆင့် (၈)နှင့် (၃)အုပ်စုပတ်လည်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားနေမှုကို လည်းကောင်း၊ နေပြည်တော် ဝဏ္ဏသိဒ္ဓိဘိလိယက်နှင့် စနူကာအားကစားရုံ၌ ကျင်းပလျက်ရှိသော အာဆီယံမသန်စွမ်းစစ်တုရင်အားကစားနည်း၏ လုံးဝမျက်မမြင်ပြိုင်ပွဲနှင့် ကိုယ်အင်္ဂါမသန်စွမ်းသူများပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုကို လည်းကောင်း၊ လက်ဝှေ့အားကစားရုံ၌ ကျင်းပလျက်ရှိသော အာဆီယံ မသန်စွမ်းကိုယ်အင်္ဂါ အောက်ပိုင်းမသန်စွမ်းသူများ အလေးမပြိုင်ပွဲ ကျင်းပနေမှုများကို လည်းကောင်း၊ ဖူဆယ်အားကစား လေ့ကျင့်ရုံ၌ ကျင်းပလျက်ရှိသော ငါးယောက်တစ်ဖက် 5-A- SIDE လုံးဝမျက်မမြင် ဘောလုံးပြိုင်ပွဲ၏ မလေးရှားအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို လည်းကောင်း၊ နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပလျက်ရှိသည့် အာဆီယံမသန်စွမ်းသူများအမျိုးသား မီတာ (၄၀၀)ဘီးတပ်ဆေးအဆင့် T54 ပြိုင်ပွဲ ကျင်းပနေမှုကို လည်းကောင်း၊ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း(၁)၌ ကျင်းပလျက်ရှိသည့် အာဆီယံမသန်စွမ်းသူများ သံလုံး၊ သံပြား၊ လှံတံပစ်ပြိုင်ပွဲ ကျင်းပနေမှုကို လည်းကောင်း၊ နေပြည်တော် ဝဏ္ဏသိဒ္ဓိမြားပစ်အားကစားကွင်း၌ အာဆီယံ မသန်စွမ်းမြားပစ်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုကို လည်းကောင်း၊ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ ကျင်းပလျက်ရှိသည့် အာဆီယံမသန်စွမ်းဘတ်စကက်ဘောပြိုင်ပွဲ ဖိလစ်ပိုင်အသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို လည်းကောင်း၊ နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပလျက်ရှိသည့် အာဆီယံမသန်စွမ်းသူများ ဘော်လီဘောပြိုင်ပွဲ မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို လည်းကောင်း၊ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ကျင်းပလျက်ရှိသော အာဆီယံမသန်စွမ်း Gold Camp ပြိုင်ပွဲ မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကိုလည်းကောင်း ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။**(အား/ကာ)**

မီးမလောင်ခင် သတိယူ၍ ကြိုတင်ကာကွယ်ပါ

ပုဗ္ဗသီရိမြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးထုတ်ပေး

နေပြည်တော် ဇန်နဝါရီ ၁၆

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာအုပ်စု၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ကြိမ်တစ်ခါမျှ မပြုလုပ်ရသေးသောသူများအား နေ့ချင်းပြီး အခမဲ့ထုတ်ပေးခြင်းကို ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီက ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပုဗ္ဗသီရိမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်စိုးအောင်နှင့် ဝန်ထမ်းများက ထုံးဘို၊ စက်ကုန်း၊ နှမ်းခင်း၊ မျောက်ချောင်း၊ သာဂလ၊ သဇင်လှ၊ သာယာဝန်း၊ အောင်ပန်းကျေးရွာတို့မှ အသက်(၁၀)နှစ်မှ(၁၈)နှစ်ပြည့်ပြီးသူ ၉၀ တို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ခြင်းပြီး ONE STOP SERVICE စနစ်ဖြင့် အခမဲ့ထုတ်ပေးခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(ရှုပဗေဒ)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုလွှာ တင်ပြသည့် လုပ်ငန်းရှင်များ သိသာရန်

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ရရှိရေးအတွက် ဆောင်ရွက်ရသည့် လုပ်ငန်းစဉ် အဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) သတ်မှတ်ထားသော အဆိုပြုလွှာပုံစံတွင် ရင်းနှီးမြှုပ်နှံသူ (သို့) ကမကထပြုသူမှ ရေးသားဖြည့်သွင်းပြီးပြည့်စုံသော အဆိုပြုလွှာပြုစုရပါမည်။

(ခ) ၎င်းအဆိုပြုလွှာကို နေပြည်တော်ရှိမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံးအဖွဲ့သို့ လည်းကောင်း၊ ရန်ကုန် (ရုံးခွဲ) သို့လည်းကောင်း သွားရောက်တင်ပြရပါမည်။ တင်ပြလာသော အဆိုပြုလွှာကို ကော်မရှင်ရုံးအဖွဲ့ဝန်ထမ်းများက စာရွက်စာတမ်းပြည့်စုံမှု ရှိ၊ မရှိ စိစစ်၍ လက်ခံပါသည်။

(ဂ) ပြည့်စုံသော အဆိုပြုလွှာကို နေပြည်တော်၌ အပတ်စဉ် ကျင်းပသည့် အဆိုပြုလွှာစိစစ်ရေးအဖွဲ့ (Proposal Assessment Team) အစည်းအဝေးသို့ တင်ပြဆွေးနွေးပါသည်။

(ဃ) အဆိုပြုချက်စိစစ်ရေးအဖွဲ့ (Proposal Assessment Team) အစည်းအဝေးမှ အတည်ပြုလျှင်အဆိုပြုချက်ကို လက်ခံကြောင်း၊ ငြင်းပယ်ကြောင်း အဆိုပြုလွှာတင်သွင်းသူထံသို့ အကြောင်းပြန်ပါသည်။

(င) လက်ခံပြီးသည့် အဆိုပြုလွှာနှင့်ပတ်သက်၍ ကော်မရှင်ရုံးအဖွဲ့က သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့သဘောထား၊ သက်ဆိုင်ရာဝန်ကြီးဌာန သဘောထားများ တောင်းခံပါသည်။

(စ) သဘောထားမှတ်ချက်များ ပြည့်စုံပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးသို့ အဆိုပြုချက်ကိုတင်ပြဆွေးနွေးပါသည်။ အဆိုပါ အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံသူ (သို့) ကမကထပြုသူကို ဖိတ်ကြား၍ တက်ရောက်ဆွေးနွေး တင်ပြခွင့်ပြုပါသည်။

(ဆ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးမှ ခွင့်ပြုကြောင်း ဆုံးဖြတ်ပါက ရင်းနှီးမြှုပ်နှံသူထံ ခွင့်ပြုမိန့်ထုတ်ပေးပါသည်။

၂။ အထက်အပိုဒ် ၂ ပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၂၀(ခ)၊ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၈(ခ) တို့အရ အဆိုပြုချက်ကို လက်ခံပြီးချိန်မှ ရက်ပေါင်း ၉၀ အတွင်း ကော်မရှင်မှ ခွင့်ပြုမိန့်ထုတ်ပေးမည်ဖြစ်ပါသည်။

၃။ ရင်းနှီးမြှုပ်နှံမှုအဆိုပြုလွှာ တင်ပြခြင်း၊ စိစစ်ခြင်း၊ ခွင့်ပြုမိန့်ထုတ်ပေးခြင်းတို့နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ရင်းနှီးမြှုပ်နှံသူမှ ဝန်ဆောင်ခနှင့် အခြားအခကြေးငွေများ ပေးဆောင်ရန် မလိုအပ်ပါ။

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ညွှန်ကြားရေးမှူးချုပ်	၀၆၇-၄၀၆၁၂၂
ဒုတိယညွှန်ကြားရေးမှူးချုပ်	၀၆၇-၄၀၆၃၄၂
ညွှန်ကြားရေးမှူး (နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဌာန)	၀၆၇-၄၀၆၃၃၄
ညွှန်ကြားရေးမှူး(မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဌာန)	၀၆၇-၄၀၆၁၃၉
ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့ရုံး	၀၁-၆၅၇၈၉၂

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုပေးသည့် လုပ်ငန်းများမှ နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ခဲ့

နေပြည်တော် ဇန်နဝါရီ ၁၆

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် နိုင်ငံခြား၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုများကို ဥပဒေနှင့်အညီ စိစစ်ခွင့်ပြုပေးလျက်ရှိရာတွင် နိုင်ငံသားများအလုပ်အကိုင်အခွင့်အလမ်းများရရှိရေးကို ဦးစားပေးရည်မှန်းချက်တစ်ခု အနေဖြင့် ထည့်သွင်းချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။

ဤသို့ အကောင်အထည်ဖော်ခဲ့ရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရလည်းကောင်း၊ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရလည်းကောင်း ခွင့်ပြုပေးခဲ့သည့် လုပ်ငန်းများမှ နှစ်အလိုက်အောက်ပါအတိုင်း အလုပ်အကိုင်အခွင့်အလမ်းများပေါ် ပေါက်စေခဲ့ပါသည်-

(က) ၂၀၁၁-၂၀၁၂ ခုနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုလုပ်ငန်း ၁၃ ခုမှ အလုပ်အကိုင် ၇၂၇၉ နေရာ၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၃၄ ခုမှ အလုပ်အကိုင် ၉၁၇၅ နေရာ၊ ပေါင်း ၁၆၄၅၄ နေရာ။

(ခ) ၂၀၁၂-၂၀၁၃ ခုနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၉၄ ခုမှ အလုပ်အကိုင် ၅၆၄၅၀ နေရာ၊ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၆၅ ခုမှ အလုပ်အကိုင် ၁၉၀၆၅ နေရာ၊ ပေါင်း ၇၅၅၁၅ နေရာ။

(ဂ) ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၇၁ ခုမှ အလုပ်အကိုင် ၅၀၇၅၁ နေရာ၊ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၆၄ ခုမှ အလုပ်အကိုင် ၁၀၇၃၆ နေရာ၊ ပေါင်း ၆၁၄၈၇ နေရာ။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် အထက်ပါ ကာလသုံးနှစ်အတွင်း နိုင်ငံသားများအတွက် စုစုပေါင်း အလုပ်အကိုင်အခွင့်အလမ်း ၁၅၃၄၅၆ နေရာဖန်တီးပေးနိုင်ခဲ့ကြောင်းနှင့် ဆက်လက်၍လည်း လုပ်သားအင်အား အများအပြားအသုံးပြုရသည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုဝင်ရောက်လာစေရေးမြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ ရွှေနန်းတော်ဟိုတယ် Theme Hall ၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးတက်ရောက်မည့် နိုင်ငံခြားရေးကိုယ်စားလှယ်များ ရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၆

အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူသည့် ၂၀၁၄ ခုနှစ်တွင် ပထမဦးဆုံးကျင်းပသည့် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်ရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များသည် ယနေ့ညနေ ၃ နာရီတွင် ပုဂံ-ညောင်ဦးလေဆိပ်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

အဆိုပါအာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများ၊ အာဆီယံအစည်းအဝေးများ ကျင်းပရေးဆပ်ကော်မတီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပမည့် အစည်းအဝေးတွင် အာဆီယံအသင်းကြီးမှ အာဆီယံအသိုက်အဝန်းထူထောင်ရေးဆောင်ရွက်ရန်ကိစ္စရပ်များ၊ အာဆီယံ၏ ပြည်ပဆက်သွယ်မှုများ ပိုမိုကျစ်လျစ် ခိုင်မာစေရေး၊ နိုင်ငံတကာရေးရာများနှင့် ဒေသအတွင်းကိစ္စရပ်တို့တွင် အာဆီယံအနေဖြင့် စည်းလုံးညီညွတ်စွာ၊ ဘက်လိုက်မှုကင်းစွာဖြင့် ရပ်တည်နိုင်ရေး၊ အာဆီယံ၏ အနာဂတ်မျှော်မှန်းချက်များရေးဆွဲနိုင်ရေး၊ အာဆီယံ၏ အဖွဲ့အစည်းပိုင်းဆိုင်ရာအရည်အသွေးမြှင့်တင်နိုင်ရေး စသည်တို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အစည်းအဝေးသို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအား ရွှေနန်းတော်ဟိုတယ် Theme Hall ၌ ကြိုဆိုနှုတ်ဆက်၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် ပုဂံရွှေနန်းတော်ဟိုတယ်၌ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးမင်းလွင်က သဘာပတိအဖြစ်ဆောင်ရွက်သည့် အာဆီယံအမြဲတမ်းကိုယ်စားလှယ်ကော်မတီအစည်းအဝေးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်းက သဘာပတိအဖြစ်ဆောင်ရွက်သည့် အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတို့ကို သက်ဆိုင်ရာနေရာအသီးသီးတွင် ကျင်းပခဲ့သည်။

ယနေ့ကျင်းပသည့် အစည်းအဝေးများတွင် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းအကောင်အထည်ဖော်ရေးကိစ္စရပ်များ၊ အာဆီယံဥက္ကဋ္ဌတာဝန်ယူစဉ် ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ ၂၀၁၅ ခုနှစ်အလွန်အာဆီယံအသိုက်အဝန်းအတွက် မျှော်မှန်းချက်ချမှတ်နိုင်ရေးကိစ္စရပ်များနှင့် အာဆီယံပြင်ပဆက်ဆံရေးဆိုင်ရာ လမ်းညွှန်ချက်ချမှတ်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌရာထူးလက်ခံရယူပြီးနောက် ပထမဆုံးအကြိမ် ဝန်ကြီးအဆင့်ဖြစ်သော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၊ သီးသန့်အစည်းအဝေးသို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများအား ဇန်နဝါရီ ၁၅ ရက် ည ၇ နာရီတွင် ပုဂံမြို့ရှိ ရွှေနန်းတော်ဟိုတယ်၌ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်းက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပြည်သူ့လွှတ်တော်နဝမပုံမှန်အစည်းအဝေး

လက်ရှိအသက်ဝင်လျက်ရှိနေသည့် စာချွန်လွှာများနှင့် သဘောတူစာချုပ်များ ပြဿနာတစ်စုံတစ်ရာမရှိပါ၍ ပြန်လည်ဆန်းစစ်ရန် မလို

နေပြည်တော် ဇန်နဝါရီ ၁၆

ပြည်သူ့လွှတ်တော်နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို အစီအစဉ် (၁၃) ခုဖြင့်ကျင်းပရာ ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို၏ **နိုင်ငံတော်အစိုးရအနေဖြင့် (UNCAT) United Nations Convention Against Torture ညှဉ်းပန်းနှိပ်စက်ခြင်းကို ဆန့်ကျင်သည့် ကမ္ဘာ့ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ ပဋိညာဉ်စာတမ်းအားမည်သည့်အချိန်တွင် လေးစားလိုက်နာရန်လက်မှတ်ရေးထိုးမည့်အကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်က နိုင်ငံတော်အစိုးရမှ လူ့အခွင့်အရေးဆိုင်ရာ အဓိကစာချုပ်စာတမ်းများမှာ ပါရှိသည့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူသူစာချုပ် (International Covenant on Economic, Social and Cultural Rights) ကိုပါဝင်လက်မှတ်ရေးထိုးရန် အထူးအာရုံစိုက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ အခြားအရေးပါသည့် ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခနှင့်စပ်လျဉ်းသည့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကွန်ဗင်းရှင်း၏ နောက်ဆက်တွဲအခြေပြစာချုပ် (Optional Protocol to the CRC on the Involvement of Children in armed confict) ကိုလည်း မြန်မာနိုင်ငံကပါဝင်လက်မှတ်ရေးထိုးရန် လေ့လာညှိနှိုင်းဆောင်ရွက်မှုများ ရှိနေပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့် အခြားသက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ၎င်းစာချုပ်ပါဝင်ရေးအား တိုက်တွန်းခြင်း၊ ထောက်ခံဆွေးနွေးခြင်း ပြုခဲ့ပြီးဖြစ်သည့်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ယခု ၂၀၁၄ ခုနှစ် စက်တင်ဘာလအတွင်း အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်တွင် ကျင်းပမည့် (၆၉)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ အစပိုင်းတွင်ပြုလုပ်မည့် နိုင်ငံတကာစာချုပ်စာတမ်းများရေးထိုးပွဲ (Treaty Event) တွင်ပါဝင်ပြီး လက်မှတ်ရေးထိုးနိုင်ရန်အတွက် ရည်မှန်းချက်ထားဦးတည်ကာ ညှိနှိုင်းမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင် မေးမြန်းစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ ဖြေကြားစဉ်။ (သတင်းစဉ်)

ပထမမေးခွန်းဖြစ်သည့် ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင်၏ **ယခင်အစိုးရလက်ထက်တွင် သဘောတူထားခဲ့သည့် နားလည်မှုစာချွန်လွှာများ၊ နားလည်မှုသဘောတူစာချုပ်များနှင့် စီးပွားရေးစာချုပ်များကို ပြန်လည်သုံးသပ် အတည်ပြုရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာဒေါ်ခင်စန်းရီက ယခင်အစိုးရလက်ထက် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည့် စာချုပ်စာတမ်း (၉၁) ခုအနက် ဆောင်ရွက်ပြီးလုပ်ငန်း (၈၆)ခု၊ ဆောင်ရွက်ရန်ကျန် (၅)ခုနှင့် အခြားဝန်ကြီးဌာနများမှ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည့် စာချုပ်စာတမ်း (၉၈၂) ခုအနက် ဆောင်ရွက်ပြီး လုပ်ငန်း (၁၆၁) ခု၊ ဆောင်ရွက်ရန်ကျန် (၈၂၁) ခုတို့မှာ ဆက်လက်အသက်ဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအသက်ဝင်လျက်ရှိနေသည့် စာချွန်လွှာများ၊ နားလည်မှုစာချွန်လွှာများနှင့် သဘောတူစာချုပ်များ အကောင်အထည်ဖော်ရာတွင် ပြဿနာတစ်စုံတစ်ရာမရှိပါ၍ ပြန်လည်ဆန်းစစ်ရန် မလိုပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ၏ **တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ စက်မှုလယ်ယာဦးစီးဌာနသို့ လယ်ထွန်စက်များ အစီးရေတိုးမြှင့်ပေးနိုင်ခြင်း ရှိ/ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စပါးရိတ်သိမ်းခြွေလှေ့စက်ကြီးများအား သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအစီအစဉ်ဖြင့်သော်လည်းကောင်း၊ ပုဂ္ဂလိကပိုင်ဆိုင်မှုဖြင့်သော်လည်းကောင်း ကျယ်ပြန့်စွာဖြည့်တင်းအသုံးပြုနိုင်ရေးအတွက် စက်မှုဝန်ကြီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် ယခုအခါ စပါးရိတ်သိမ်းခြွေလှေ့စက်များကို ပထမအသုတ်အနေဖြင့် (၄၀၀) စီး ကြိုတင်စုဆောင်းထားရှိပြီး တိုင်းဒေသကြီး/ပြည်နယ်များ၏ လိုအပ်ချက်အပေါ် ရောင်းချပေးရန် အသင့်ရှိနေကြောင်းကို ပြန်လည်ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် **ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်သွင်းခဲ့သည်။

အစီရင်ခံစာ၌ ပြည်သူတို့က ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များဖြစ်၍ အမျိုးသားစီမံကိန်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသန္တရစီမံကိန်းများတွင် ပါဝင်ခြင်းမရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းငယ်များကို လွှတ်တော်ကိုယ်စားလှယ်များက ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် မဲဆန္ဒရှင်ပြည်သူများအား ကူညီမှုပြုနိုင်ရန်၊ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို ရယူပြီး ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲမထားဘဲ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ကျကျ မျှတစွာဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် မဲဆန္ဒရှင်ပြည်သူများ၏ အကျိုးအတွက် မြို့နယ်အလိုက် သုံးစွဲရန် ခွင့်ပြုထားသော ထောက်ပံ့ငွေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်သည့် အလေ့အကျင့်ရှိစေရန်ဆိုသည့် ရည်ရွယ်ချက်တို့ဖြင့် ယင်းဥပဒေကြမ်းကို တင်သွင်းခဲ့ရခြင်းဖြစ်ကြောင်း အစီရင်ခံစာ၌ပါရှိသည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်နဝမပုံမှန်အစည်းအဝေး

သစ်တောသယံဇာတများကို အသုံးချနိုင်အောင် စွမ်းဆောင်ရည်တိုးမြှင့်ရန် လုပ်ဆောင်ကြရမည့်အချိန်ဖြစ်

နေပြည်တော် ဇန်နဝါရီ ၁၆

မာဘယ်လ်ကျောက်ထုတ်လုပ်မှုတွင် ပေါက်ကွဲစေနိုင်သော ပစ္စည်းများ အသုံးမပြုဘဲ လွန်ကျင်းဖောက်ခြင်း၊ စိန်သွားတပ်ကြိုးခွေဖြင့်ဖြတ်တောက်ခြင်းသာ ပြုလုပ်မည်ဖြစ်ပါကြောင်း၊ မည်သည့် ဓာတုဗေဒပစ္စည်းကိုမျှ အသုံးမပြုသဖြင့် ရေအရင်းအမြစ်၊ ပတ်ဝန်းကျင်နှင့် လေထုတို့အား အန္တရာယ်ဖြစ်စေမည့် မည်သည့်ဘေးထွက်ပစ္စည်းမျှ မထွက်ရှိနိုင်ကြောင်းဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ်၏ **"မာဘယ်လ်ကျောက်ထုတ်ယူမှုကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးနိုင်မည့်အလားအလာ အတိုင်းအတာကို သိရှိလိုခြင်းနှင့် တောင်ကုတ်မြို့၌ မာဘယ်လ်ကျောက်ပြား ကုန်ချောထုတ်စက်ရုံတည်ဆောက်ရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက သယ်ယူပို့ဆောင်ရေး ယာဉ်များကြောင့် လေထုတွင်ဖုန်မှုန့်ထွက်ခြင်း၊ အိတ်ဇောငွေ့ထွက်ရှိခြင်း၊ ဆူညံမှုနှင့် တုန်ခါမှု ဖြစ်ပေါ်ခြင်းတို့သာရှိနိုင်ကြောင်း၊ စက်ရုံမှအသုံးပြုပြီးသည့်ရေတွင် အဆိပ်အတောက်မဖြစ်နိုင်သည့် ကျောက်မှုန့်အနည်အနှစ်များသာပါဝင်နိုင်ပြီး အနည်ထိုင်ကန်တွင် အနည်ထိုင်စေပြီးမှ အပေါ်ယံရေကြည်အား စွန့်ထုတ်မည်ဖြစ်သဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်ပါကြောင်း။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေသောင်း။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးတင်မြ။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိန်းခင်းပေါင်။

စက်မှုဝန်ကြီးဌာန အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းက နေပူတောင်ကျောက် အလှဆင်ကျောက်ထုတ်လုပ်ခြင်းကို လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး စီးပွားရေးတွက်ခြေမကိုက်သဖြင့် အလှဆင်ကျောက်ထုတ်လုပ်ခွင့်ပြုမိန့်ကို သတ္တုတွင်းဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံခဲ့ပါကြောင်း၊ ယခုအခါ သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် နေပူတောင်ဒေသ၌ မာဘယ်လ်အလှဆင်ကျောက်ပြားနှင့် ကျောက်တုံးစက်ရုံတည်ဆောက်ပြီး ထုတ်လုပ်သွားရန် အစီအစဉ်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး၏ **"ရန်ကုန်မြို့တော်နေ ပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှုကို မျှတစွာဖြည့်ဆည်းပေးနိုင်ရန် ခရိုင်(၄)ခုရှိ ဆေးရုံကြီးများကို ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီးများအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းစံပြဆေးရုံကြီးကို ခုတင်(၁၀၀)ဆံ့ ဆေးရုံအဖြစ် ၁၉၉၄ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး နှစ်အလိုက်ဆေးရုံတက်အတွင်းလူနာဦးရေ တိုးတက်လျက်ရှိပြီး ခွင့်ပြုဆေးရုံခုတင်အသုံးချမှုရာခိုင်နှုန်း (၁၆၃ ဒသမ ၄၄)အထိ တိုးတက်လာသဖြင့် သဃ်န်းကျွန်းစံပြဆေးရုံကြီးကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ခုတင်(၁၀၀)ဆံ့ဆေးရုံမှ ခုတင်(၅၀၀)ဆံ့ဆေးရုံအဆင့်သို့တိုးမြှင့်နိုင်ရန် တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

စာမျက်နှာ ၉ ကော်လံ ၅ သို့

❑ တော့ဖုံးမှ

[illegible]

(သတင်းစဉ်)

☆ ရှေ့ဖုံးမှ

[illegible]

ရရှိရေး၊ ရင်းနှီးငွေရရှိရေးနှင့် သိပ္ပံနည်းကျစိုက်ပျိုးနိုင်ရေးတို့ကို တောင်သူလယ်သမားများနှင့်အတူ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအပြင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာနတို့က တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများနှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း၊ ယခုဆိုလျှင် သမဝါယမဝန်ကြီးဌာနအနေဖြင့် သမဝါယမအသင်းသားများ၏ လုပ်ငန်းအရင်းအနှီးရရှိစေရေးအတွက် အသေးစားချေးငွေ ကျပ်သန်းပေါင်း ၃၄၃၁ ဒသမ ၅၅ သန်း ထုတ်ချေးပေးသွားမည်ဖြစ်ပြီး ဝန်ထမ်းများအပါအဝင် မြို့ပြနေ အခြေခံလူတန်းစားများအတွက် ချေးငွေကျပ်သန်း ၁၁၇ ဒသမ ၅၈ သန်းတန်ဖိုးရှိသော သုံးဘီးဆိုင်ကယ်၊ မော်တော်ဆိုင်ကယ်နှင့် အပ်ချုပ်စက်တို့ကိုလည်း မိမိတို့ကြိုက်နှစ်သက်ရာ အမျိုးအစားအလိုက် အရစ်ကျငွေချေစနစ်ဖြင့် ဆောင်ရွက်ပေးသွားမည်ဟု သိရပါကြောင်း၊ ထို့အပြင် လယ်ယာသုံးစက်ကိရိယာများအတွက် ချေးငွေကျပ် ၈၈၄ ဒသမ ၉၄ သန်းတန်ဖိုးရှိသော လယ်ယာစက်ကိရိယာများကိုလည်း ပေးသွားမည်ဖြစ်ပါကြောင်း။

ဤလုပ်ငန်းသည် ငွေကြေးအရင်းအနှီးချို့တဲ့သော အသင်းသူ အသင်းသားများအတွက် အလွန်အကျိုးရှိစေမည့်လုပ်ငန်းဖြစ်ပြီး ကြိုးကြိုးစားစား ရှာဖွေစုဆောင်းလုပ်ကိုင်သွားကြမည်ဆိုလျှင် လတ်တလော စားဝတ်နေရေး အဆင်ပြေစေရုံသာမက ရေရှည်အတွက်ပါ လုပ်ငန်းပိုင်ရှင်များ ဖြစ်သွားကြမည်ဖြစ်၍ များစွာအကျိုးရှိစေမည်ဖြစ်ပါကြောင်း။

ယင်းသို့ ဆောင်ရွက်ပေးနိုင်ရန်အတွက် မိမိတို့ကိုယ်တိုင် ငွေကြေးမပြည့်စုံမလုံလောက်သည့်အတွက် ငွေကြေးအချို့ကို ပြည်ပကနေ ချေးယူပြီး ယခုကဲ့သို့ ကူညီဆောင်ရွက်ပေးရခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် အသင်းသူ အသင်းသားများအပိုင်းကလည်း မိမိတို့ချေးယူထားသောငွေကို အရစ်ကျ မှန်မှန်ကန်ကန်ဖြင့် ပြန်လည်ပေးဆပ်ကြရန် တာဝန်ရှိပါကြောင်း၊ ဝိုင်းကြီးချုပ်စနစ်ဖြင့် ဆောင်ရွက်နေသည့် ကိစ္စဖြစ်၍ တာဝန်ရှိသော အဖွဲ့သားများကလည်း မှန်မှန်ကန်ကန် ပြန်ပေးဆပ်နိုင်အောင် ဝိုင်းဝန်းထိန်းကျောင်းပေးရန် လိုအပ်ပါကြောင်း၊ သမဝါယမဝန်ထမ်းများအပိုင်းကလည်း ဆင်းရဲနွမ်းပါးသော အသင်းသူ အသင်းသားများအပေါ် စေတနာထားပြီး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် သမဝါယမစနစ်သည် ဘုံစနစ်(Commune) တစ်ခုမဟုတ်ဘဲ အသင်းသားတစ်ဦးချင်း၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးသော စနစ်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး သမဝါယမအသင်းသားများ တိုးပွားလာသည်နှင့်အမျှ နိုင်ငံတော်အစိုးရအပေါ် မှီခိုအားထားမနေရတော့ဘဲ မိမိတို့စုဆောင်းငွေအရင်းအနှီးဖြင့် မိမိတို့ကိုယ်တိုင် ရပ်တည်နိုင်ပြီး နိုင်ငံ၏အကျိုးကိုပါ တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ပေးနိုင်ကြမည်ဖြစ်ပါကြောင်း၊ သမဝါယမလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး စီးပွားရေးတွင် အောင်မြင်နေသော နိုင်ငံများကို စံနမူနာယူပြီး မိမိတို့နိုင်ငံတွင်လည်း အောင်မြင်ဖြစ်ထွန်းအောင် ရိုးရိုးသားသား ကြိုးကြိုးစားစားဖြင့် ဝိုင်းဝန်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အသေးစားချေးငွေများ ထုတ်ချေးပေးမှုနှင့် စက်ကိရိယာနှင့် ပစ္စည်းများ ပံ့ပိုးပေးနေမှုကို ရှင်းလင်းတင်ပြရာတွင် ယနေ့အခမ်းအနား၌ မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်နှင့် မြို့ပြနေ အခြေခံပြည်သူများအတွက် ဆောင်းသီးနှံ အသေးစားချေးငွေများ ပံ့ပိုးပေးပြီး လယ်ယာသုံးနှင့်လုပ်ငန်းသုံးစက်ကိရိယာများကိုလည်း အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း၊ အလားတူ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း သမဝါယမအသင်းများသို့ အသေးစားချေးငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

ကျေးလက်နေပြည်သူများအတွက် ဆောင်းသီးနှံအသေးစားချေးငွေပေါင်း ၃၇၃၆၁၅ ဒသမ ၇၇ သိန်းကိုလည်း ယခု ဇန်နဝါရီလအတွင်း ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ၂၀၁၂ ခုနှစ် အောက်တိုဘာလမှစတင်ပြီး ပြည်သူများ၏ အရင်းအနှီးအတွက် ကျပ်သန်းပေါင်း ၁၁၆၀၅၃ ဒသမ ၀၉၈ သန်းကျော် ထုတ်ချေးပေးထားပြီး တန်ဖိုးငွေကျပ် သိန်းပေါင်း ၂၆၅၀၀ ဒသမ ၉၄၂ သိန်းရှိ လယ်ယာသုံး၊ လုပ်ငန်းသုံးယာဉ်နှင့်ပစ္စည်း၊ ရေလုပ်ငန်းသုံးပစ္စည်း စုစုပေါင်းအရေအတွက် ၂၉၈၁ ခုကိုလည်း အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးပြီးဖြစ်ပါကြောင်း၊ အသေးစားချေးငွေလုပ်ငန်းကို ပြည်သူများအတိုးကြီးပေး၍ ငွေချေးယူနေရသည့် အခြေအနေမှ လတ်တလော သက်သာလာစေရန်နှင့် နောင်(၄/၅)နှစ်အတွင်းတွင် ငွေချေးယူစရာမလိုတော့ဘဲ မိမိပိုင်ငွေဖြင့် မိမိလုပ်ငန်းလုပ်နိုင်လာစေရန်၊ ထိုမှတစ်ဆင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်သည့် Sustainable Development ဖြစ်လာစေရန်ရည်မှန်းချက်ထား ဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာတွင် တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ သမဝါယမအသင်း ၄၈၉ သင်းအား ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် ကနဦးမတည် ငွေကျပ် ၁၂၅၆၂ သမ ၉၇ သိန်း၊ ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် ဒုတိယအကြိမ်အဖြစ် သမဝါယမ အသင်း ၂၁၇ သင်းအား ပံ့ပိုးငွေကျပ်သိန်း ၅၀၀၀ ပံ့ပိုးပေးခဲ့ပြီးဖြစ်ပါကြောင်း။

သမဝါယမဝန်ကြီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ ကုန်ထုတ်အရင်းအနှီးရရှိအောင် ဆောင်ရွက်ပေးနေသည့်အတွက် တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ အသေးစားငွေစုငွေချေးလုပ်ငန်းဖြင့် ဆင်းရဲနွမ်းပါးသူများအတွက် အမှန်တကယ် ထိရောက်အကျိုးရှိအောင် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ လူထုလူတန်းစားအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များအားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများသို့ ခရိုင်အလိုက် အသေးစားချေးငွေများကို ပေးအပ်ပြီး ဗဟိုသမဝါယမအသင်းနှင့် သမဝါယမဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်အေးက အရစ်ကျပံ့ပိုးပေးသည့် လယ်ယာသုံးနှင့် လုပ်ငန်းသုံး စက်ကိရိယာများကိုပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းသားများကိုယ်စား တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်ဒုတိယဥက္ကဋ္ဌ ဦးစံကျော်ဝင်းက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ငါးခရိုင်၊ မြို့နယ် ၂၅ မြို့နယ်၊ အခြေခံသမဝါယမအသင်းပေါင်း ၆၀၆ သင်းမှ အသင်းသား ၃၅၀၇၂ ဦးသို့ ငွေကျပ် ၃၄၃၁၅ ဒသမ ၅၀ သိန်း ထုတ်ချေးပေးနိုင်ခဲ့ပြီး ငွေကျပ် ၈၈၄၉ ဒသမ ၄၆ သိန်းတန်ဖိုးရှိ လယ်ယာသုံးစက်ကိရိယာ ၂၈၄ မျိုး၊ ငွေကျပ် ၁၁၇၅ ဒသမ ၈ သိန်းတန်ဖိုးရှိ လုပ်ငန်းသုံးစက်ကိရိယာ ၂၁၅ မျိုး စုစုပေါင်း စက်ကိရိယာ ၄၉၉ မျိုးအတွက် ငွေကျပ် ၁၀၀၂၅ ဒသမ ၂၆ သိန်းကို ပံ့ပိုးပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး သမဝါယမဝန်ကြီးဌာနမှ သမဝါယမအသင်းသားများသို့ ပံ့ပိုးပေးသည့် လယ်ယာသုံးစက်ကိရိယာများနှင့် လုပ်ငန်းသုံးစက်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတသည် မကွေးမြို့ မြေလတ်သား အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ နှမ်းအခွံချွတ်နှင့် နှမ်းလှော်ဆီမွှေးစက်ရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက စက်ရုံမှ နှမ်းလှော်ဆီမွှေးကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်တင်ပို့မည့်အခြေအနေများကို ပဏာမရှင်းလင်းပြောကြားပြီး သမဝါယမအသင်း လီမိတက်မန်နေဂျင်းဒါရိုက်တာနှင့် ဒါရိုက်တာတို့က စက်ရုံတည်ဆောက်ခဲ့မှု၊ ကုန်ကြမ်းရရှိမှုနှင့် ပြည်ပသို့ တင်ပို့ရောင်းချမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက်နိုင်ငံတော်သမ္မတက တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် တီထွင်ကြံဆဆောင်ရွက်မှုမှာ အလွန်ဝမ်းမြောက်စရာကောင်းပါကြောင်း၊ ပြည်ပသို့ ဈေးကွက်ပိုမိုချဲ့ထွင်နိုင်အောင်လည်း ကြိုးစားဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ တောင်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားလာရေးအတွက် အခြေခံအကျဆုံးမှာ သမဝါယမအသင်းများပင်ဖြစ်ရာ ဒေသခံတောင်သူများနှင့် ထိတွေ့ဆက်ဆံပြီး ကူညီဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် စိုက်ပျိုးရေးသာမက နေ့စဉ်ဝင်ငွေရရှိစေရန် နို့စားနွားမွေးမြူရေးလုပ်ငန်းကိုလည်း တွဲဖက်လုပ်ကိုင်လာကြစေရန် စည်းရုံးဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်အနေဖြင့်လည်း ပြည်သူများ နို့သောက်သုံးသည့် အလေ့အကျင့်ရရှိစေရန် သမဝါယမအသင်းများသို့ နို့ထုတ်လုပ်ရေးစက်များ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌ ဦးအင်းယားတို့က နှမ်းအခွံချွတ်နှင့် နှမ်းလှော်ဆီမွှေးစက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး နိုင်ငံတော်သမ္မတက စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် စက်ရုံအတွင်း နှမ်းလှော်ဆီမွှေးထုတ်လုပ်နေမှုနှင့် မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၏ တန် ၃၀ ဆီစက်တို့ကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါနှမ်းအခွံချွတ်နှင့် နှမ်းလှော်ဆီမွှေးစက်ရုံမှ တန်ဖိုးမြှင့်ကုန်ချောပစ္စည်းများအဖြစ် နှမ်းများအား လှော်၍ နှမ်းဆီမွှေးထုတ်လုပ်ကာ ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိပြီး နှမ်းများအား အခွံချွတ်၍ ပြည်ပသို့ တန်ဖိုးမြှင့်ကုန်ပစ္စည်းများအဖြစ်လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

၂၀၁၄ ခုနှစ် (ရှေ) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲ သိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ရေး။
(၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေး သုံးပါးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
(၃) ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ရေး။
(၄) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး။
(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ပြည်သူအားလုံး လက်တွဲပူးပေါင်းတည်ဆောက်ရေး။

အစိုးရသစ်လက်ထက် အလုပ်အကိုင်ရရှိမှု တိုးတက်ဖော်ဆောင်ပေးနိုင်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁) ပုဒ်မ ၃၁ တွင် "နိုင်ငံတော်သည် ပြည်သူများအလုပ်လက်မဲ့နည်းပါးစေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက်ရမည်" ဟု ဖော်ပြပါရှိသည့်အားလျော်စွာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် နိုင်ငံသူ၊ နိုင်ငံသားများအတွက် ပြည်တွင်းပြည်ပအလုပ်အကိုင်များ တိုးတက်ရရှိစေရန်ရည်ရွယ်၍ ခိုင်မာသည့် အလုပ်အကိုင်မူဝါဒများချမှတ်ကာ အလုပ်လုပ်ရန်အရွယ်ရောက်သူတိုင်း သင့်တင့်ကောင်းမွန်သောအလုပ်ရရှိရေးကို စီမံချက်များချမှတ်၍ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ နိုင်ငံတော်အနေဖြင့် ဒီမိုကရေစီနိုင်ငံအဖြစ်ကူးပြောင်း၍ အစိုးရသစ်တက်လာပြီးနောက်ပိုင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ်တည်ဆောက်ရာတွင် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို ဖော်ဆောင်ခဲ့သည့်အနက် အလုပ်အကိုင်ရရှိမှုကဏ္ဍတွင်လည်း တိုးတက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယင်းသို့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့မှုကြောင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အလုပ်အကိုင်ရှာဖွေရေးရုံးများတွင် ပြည်တွင်းအလုပ်အကိုင်ရရှိခဲ့မှုအခြေအနေမှာ ၂၀၀၃ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ရှစ်နှစ်တာကာလအတွင်း ၉၄၇၀၁၅ ဦးသာရှိခဲ့ရာမှ ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ် သုံးနှစ်တာကာလအတွင်း ၁၁၃၃၂၃၄ ဦးအထိ တိုးတက်ရရှိခဲ့ပါသည်။ နှစ်အလိုက်နှိုင်းယှဉ်မည်ဆိုပါက ပြည်တွင်းအလုပ်အကိုင်ရရှိမှုသည် ၂၀၁၁ ခုနှစ်အတွင်း ၃၁၈၀၁၇ ဦးရှိရာမှ ၂၀၁၃ ခုနှစ်တွင် ၄၁၇၆၇၈ ဦးရှိသည့်အတွက် ၃၁ ဒသမ ၃၃ ရာခိုင်နှုန်းတိုးတက်ဖော်ဆောင်နိုင်ခဲ့ပါသည်။

၃။ ပြည်ပအလုပ်အကိုင်ရရှိမှုတွင်လည်း ၁၉၉၀ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ နှစ်နှစ်ဆယ်ကာလအတွင်း ၅၉၉၇၆ ဦးသာရှိခဲ့ရာမှ ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ သုံးနှစ်တာကာလအတွင်း ၁၅၃၅၆၀ ဦးအထိတိုးတက်ရရှိခဲ့ပါသည်။ နှစ်အလိုက်နှိုင်းယှဉ်မည်ဆိုပါက ပြည်ပအလုပ်အကိုင်ရရှိမှုသည် ၂၀၁၁ ခုနှစ်အတွင်း ၁၈၂၈၀ ဦးရှိရာမှ ၂၀၁၃ ခုနှစ်တွင် ၆၆၈၄၁ ဦးရှိသည့်အတွက် ၂၆၅ ရာခိုင်နှုန်းတိုးတက်ဖော်ဆောင်နိုင်ခဲ့ပါသည်။

၄။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်များ၊ စက်မှုနယ်မြေများ၊ အထူးစီးပွားရေးဇုန်များကိုလည်း တိုးချဲ့တည်ဆောက်ခဲ့ရာတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ကောက်ယူခဲ့သော ၂၀၁၀ ခုနှစ်စာရင်းအရ မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ စက်မှုဇုန် ၁၈ ဇုန်နှင့် စက်မှုနယ်မြေ နှစ်ခုအတွင်း စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနပေါင်း ၆၈၉၂ ခုတွင် အလုပ်သမားပေါင်း ၂၀၇၅၂၂ ဦး အလုပ်လုပ်ကိုင်လျက်ရှိရာမှ ၂၀၁၂ ခုနှစ်တွင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနပေါင်း ၇၈၃၉ ခု၌ အလုပ်သမားပေါင်း ၂၆၀၅၃၃ ဦးအထိ တိုးတက်ခဲ့သည့်အတွက် နှစ်နှစ်အတွင်း စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနတိုးတက်မှု ၁၃ ဒသမ ၇၄ ရာခိုင်နှုန်းရှိပြီး လုပ်သားဦးရေတိုးတက်မှု ၂၅ ဒသမ ၅၄ ရာခိုင်နှုန်းရှိခဲ့ပါသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးအနေဖြင့်ဆိုပါက မြို့ပြများတွင်ရှိသော ပုဂ္ဂလိကနှင့် ဖက်စပ်စက်ရုံ၊ အလုပ်ရုံများတွင် ၂၀၁၀ ခုနှစ် စာရင်းအရ အလုပ်လုပ်ကိုင်နေသူ စုစုပေါင်း ၃၆၅၂၆၂၅ ဦး ရှိရာမှ ၂၀၁၂ ခုနှစ်တွင် ၄၁၉၉၈၄၀ ဦးအထိ ရှိလာသည့်အတွက် ၁၄ ဒသမ ၉၈ ရာခိုင်နှုန်း တိုးတက်လာကြောင်း တွေ့ရှိရပါသည်။

၅။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနလက်အောက်တွင် ပြည်နယ်/တိုင်းဒေသကြီးရုံး ၁၄ ရုံးနှင့် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး ၇၇ ရုံး စုစုပေါင်း ၉၁ ရုံးဖြင့် အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးနေသည့်အပြင် သွားလာရေးခက်ခဲပြီး ရုံးဖွင့်လှစ်နိုင်ခြင်းမရှိသေးသည့် ဒေသများသို့ Mobile Team များဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ ပြည်တွင်းပြည်ပ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများအား တရားဝင်လိုင်စင်ထုတ်ပေး၍ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်စေခြင်း၊ ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများ ပူးပေါင်း၍ အလုပ်အကိုင်အခွင့်အလမ်းပြပွဲ(Job Fair) များကျင်းပ၍ One-Stop-Service ဖြင့် အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးခြင်း စသည်တို့ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၆။ လက်ရှိနိုင်ငံတော်၏ ကဏ္ဍစုံပြောင်းလဲတိုးတက်လာသည့် အခြေအနေများကြောင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံသူ၊ နိုင်ငံသားများအတွက် ပြည်တွင်းပြည်ပ အလုပ်အကိုင်များ တိုးတက်ရရှိအောင် အတိုင်းအတာတစ်ရပ်အထိ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဝင်ရောက်လာမည်ဆိုပါက စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ ပိုမိုများပြားလာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများ ထပ်မံပေါ်ပေါက်လာပြီး အလုပ်ရရှိမှုများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။

ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရရှိမှုအခြေအနေ

စဉ်	ခုနှစ်	အလုပ်ရရှိမှု		
		ပြည်တွင်း	ပြည်ပ	စုစုပေါင်း
၁။	၂၀၁၁	၃၁၈၀၁၇	၁၈၂၈၀	၃၃၆၂၉၇
၂။	၂၀၁၂	၃၉၇၅၃၉	၆၈၄၃၉	၄၆၅၉၇၈
၃။	၂၀၁၃	၄၁၇၆၇၈	၆၆၈၄၁	၄၈၄၅၁၉
စုစုပေါင်း		၁၁၃၃၂၃၄	၁၅၃၅၆၀	၁၂၈၆၇၉၄

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန

❑ စာမျက်နှာ ၇ မှ

တောင်ပိုင်းခရိုင် သန်လျင်ပြည်သူ့ဆေးရုံသည် ခုတင်(၁၅၀)ဆံ့ ဆေးရုံဖြစ်ပြီး ၂၀၁၃ ခုနှစ်အတွင်း ဆေးရုံတက်အတွင်းလူနာဦးရေတိုးတက်လာပြီး ဆေးရုံခုတင်အသုံးချမှု (၆၁)ရာခိုင်နှုန်းအထိ တိုးတက်လာသဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ခုတင်(၂၀၀)ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်နိုင်ရန် စီစဉ်လျက်ရှိပါကြောင်း။

မြောက်ပိုင်းခရိုင် လှိုင်သာယာပြည်သူ့ဆေးရုံသည် နှစ်အလိုက်ဆေးရုံတက်လူနာဦးရေနှင့် ဆေးရုံခုတင်အသုံးချမှု (၂၀၀)ရာခိုင်နှုန်းအထိ တိုးတက်လာသဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် (၂၅)ခုတင်ဆံ့ဆေးရုံအဆင့်မှ ခုတင်(၅၀)ဆံ့ဆေးရုံအဖြစ်သို့ တိုးမြှင့်နိုင်ရန် စီစဉ်ထားရှိပြီးဖြစ်ပါကြောင်း။

မြောက်ပိုင်းခရိုင် အင်းစိန်ပြည်သူ့ဆေးရုံသည် ခုတင်(၃၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးဖြစ်ပြီး ဆေးရုံအသုံးချမှု(၁၂၇)ရာခိုင်နှုန်းအထိ တိုးတက်လာသဖြင့် လိုအပ်ချက်အရ ဆန်းစစ်ပြီး အဆင့်မြှင့်တင်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် တင်သွင်းထားသည့် **"သစ်တော ဂေဟစနစ်မျိုးစုံ (Forest Ecosystem) နှင့် ဇီဝမျိုးစုံမျိုးကွဲ (Biodiversity) ကြွယ်ဝသည့် မြန်မာနိုင်ငံ၏အမြဲတမ်းသစ်တောနယ်မြေများ (Permanent Forest Estate-PFE) ထာဝစဉ်ဖွံ့ဖြိုးရှင်သန်နေစေရေး မြန်မာ့သစ်တောမူဝါဒကို လက်တွေ့ပဓာနကျစွာ ပုံဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၆)ဦးတို့က ဆွေးနွေးခဲ့ကြသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေသောင်းက မိမိတို့၏ပတ်ဝန်းကျင်တွင် မရှိမဖြစ်လိုအပ်နေသည့် ရေထု၊ လေထု၊ မြေထုများသည် သစ်တောကြီးများနှင့် ဆက်စပ်မှုရှိပါကြောင်း၊ ထို့ကြောင့် သစ်တောကြီးများ ပြုန်းတီးမှုမရှိစေရန် နိုင်ငံတော်နှင့်ပြည်သူတို့က ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ကြောင်း၊ ပြီးခဲ့ပြီးသော သစ်တောပြုန်းတီးမှုများကို အပြစ်တင်ဝေဖန်မည့်အစား မြန်မာ့သစ်တောမူဝါဒကို လက်တွေ့ပဓာနကျစွာပုံဖော်ဆောင်ရွက်နိုင်ရန်အတွက် ဒေသအာဏာပိုင်များ၊ အုပ်ချုပ်ရေးမှူးများ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပြည်သူများ ဝိုင်းဝန်းပူးပေါင်းပြီး ယနေ့မြန်မာ့သစ်တောကြီးများကို ကာကွယ်ထိန်းသိမ်းကြရန်၊ သစ်တော သယံဇာတများကို ထာဝစဉ်တည်တံ့စေရန်၊ သစ်တောသယံဇာတများကို အသုံးချနိုင်အောင် စွမ်းဆောင်ရည်တိုးမြှင့်ရန် လုပ်ဆောင်ကြရမည့်အချိန် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိန်းခင်းပေါင်က ယနေ့ကမ္ဘာကြီး ပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများ၏ ဆိုးကျိုးသက်ရောက်မှုများကို တွေ့ကြုံခံစားနေရပါကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်း သဘာဝအန္တရာယ်များဖြစ်ပွားခဲ့ပြီး ဘေးသင့်ပြည်သူများနှင့် ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့ပါကြောင်း၊ သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှုသည် ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေပါကြောင်း၊ ယနေ့ကမ္ဘာတွင် ကြုံတွေ့နေကြရသည့် သဘာဝဘေးအန္တရာယ်များ၏ ဖြစ်ပွားမှုအကြိမ်အရေအတွက်များလာမှုနှင့် ပိုမိုပြင်းထန်လာမှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် နိုင်ငံတစ်နိုင်ငံတည်း၊ ဒေသတစ်ခုတည်းဖြင့် ဆောင်ရွက်၍ မရတော့သည်ကိုတွေ့ရှိရပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့်က တရားမဝင်သစ်ခိုးထုတ်မှုများ မြန်မာပြည်အနှံ့တွင် ဆောင်ရွက်နေကြခြင်းကို တားဆီးထိန်းချုပ်နိုင်ရန် နိုင်ငံတော်အစိုးရက သစ်တောမူဝါဒလက်တွေ့ကျကျချမှတ်ပြီး အောင်မြင်အောင် ဆောင်ရွက်သင့်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများကို လုပ်ပိုင်ခွင့်၊ တာဝန်ခံမှု၊ တာဝန်ယူမှုများ လုပ်ပိုင်ခွင့်အာဏာကို ဆင့်ကဲခွဲဝေပေးရန်လိုပါကြောင်း၊ ပြည်သူများကို ပညာပေးစည်းရုံးသင့်ကြောင်း၊ ပြည်သူများ၏ သစ်တောသယံဇာတ လိုအပ်ချက်သုံးစွဲမှုကို စနစ်တကျဖြည့်ဆည်းမှုပြုသင့်ကြောင်း၊ လောင်စာထင်းအစားထိုးလုပ်ငန်းများကိုလက်တွေ့ကျကျဆောင်ရွက်ပေးသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီက သစ်တောပြုန်းတီးမှုများတွင် လူပယောဂများစွာပါဝင်ကြောင်း၊ တရားမဝင်သစ်ထုတ်ခြင်း၊ သစ်တောနယ်မြေများအတွင်း ကျူးကျော်စိုက်ပျိုးခြင်း၊ ရွာတည်ထောင်ခြင်းသည် လူများ၏ဖောက်ဖျက်မှုများ ဖြစ်ပါကြောင်း၊ နိုင်ငံ၏အမြဲတမ်းသစ်တောနယ်မြေများ ထာဝစဉ်ဖွံ့ဖြိုးရှင်သန်ရေးအတွက် အားလုံးကဝိုင်းဝန်း ထိန်းသိမ်းရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပြီး လက်တွေ့အကောင်အထည်ဖော်ရာတွင် လူအင်အား၊ ဘဏ္ဍာငွေ၊ အတတ်ပညာရှင်၊ စက်ယာဉ်ယန္တရား စသည်တို့ကို ဖြည့်တင်းပေးရန်လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။ (သတင်းစဉ်)

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကျန်းမာရေးဆောင်ရွက်မှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၆

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းတွင် မြန်မာ့လေကြောင်းဖြင့် နေပြည်တော်မှ ထွက်ခွာပြီး ဟုမ္မလင်းမြို့သို့ ရောက်ရှိ၍ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးလွင်တို့နှင့်အတူ ဟုမ္မလင်းမြို့တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရန် ရောက်ရှိနေသော သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် သီတဂူအဓိပတိဆရာတော် ဦးဉာဏိဿရအား သွားရောက်ဖူးမြော်ကြသည်။

မွန်းလွဲပိုင်းတွင် သီတဂူအဓိပတိဆရာတော်အား ပင့်ဆောင်လျက် တပ်မတော်ရဟတ်ယာဉ်ဖြင့် ဟုမ္မလင်းမြို့မှ ထွက်ခွာလာရာ လေရှီးမြို့တွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင် ဦးအောင်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှီသီး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများနှင့် ဒေသခံများအား တွေ့ဆုံခဲ့ရာ လေရှီးမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ဒေသဆိုင်ရာအချက်အလက်များနှင့် မြို့နယ်အတွင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမြို့နယ်တာဝန်ခံနှင့် စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှူးတို့က လေရှီး-ထမံသီလမ်း၊ လေရှီး-ဆွမ္မရာလမ်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ဒေသအထောက်အကူပြုကော်မတီအသီးသီးနှင့် ဒေသခံပြည်သူများက လိုအပ်ချက်များတင်ပြခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်ပေးမည့် အစီအမံများကိုလည်းကောင်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ပတ်သက်၍လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လေရှီးမြို့နယ်အတွက် လိုအပ်သည့်ဆရာဝန်များ၊ ဓာတ်မှန်ကျွမ်းကျင်များ ဖြည့်တင်းပေးမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ကျေးလက်ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုပစ္စည်းများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဆေးဝါးနှင့် လက်ဆောင်ပစ္စည်းများကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က Sky Net ရုပ်သံဖမ်းစက်များကို လည်းကောင်း အသီးသီးပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာတွင် နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရမှ အမြဲတမ်းကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နာဂဒေသသည် ယခင်ကလမ်းပန်းဆက်သွယ်ရေးခက်ခဲခဲ့သော်လည်း ယခုအခါ ဒေသဖွံ့ဖြိုးရေးအတွက်လမ်းများ တိုးချဲ့ဖောက်လုပ်ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့ဒေသဖွံ့ဖြိုးရေးအတွက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြရာ၌ အစိုးရနှင့်ပြည်သူ ညီညာစွာလက်တွဲလုပ်ဆောင်သွားရန် လိုအပ်ပါကြောင်း၊ ပြည်သူအားလုံး တူညီသောဆန္ဒမှာ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုကိုလိုလားကြကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ဦးဆောင်မှုကြောင့် မိမိတို့တိုင်းပြည်အတွင်း တည်ငြိမ်အေးချမ်းမှုများ ရရှိလာပြီး ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မိမိတို့အစိုးရအနေဖြင့် ပြည်သူများနှင့်လက်တွဲကာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး စသည့်ကဏ္ဍများတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူ့ဗဟိုပြုလုပ်ငန်းများ ဆောင်ရွက်သည့်အတွက် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်သော ကျေးရွာများ၊ မြို့နယ်များ၊ ဒေသများအဆင့်ဆင့်ဖြစ်ပေါ်လာရန်အတွက် ဒေသခံတိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး စည်းလုံးညီညွတ်စွာဖြင့် အတူတကွ ဝိုင်းဝန်းလက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း စသည်ဖြင့်အကျယ်တဝင့် တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးကာ ဒေသခံနာဂတိုင်းရင်းသားများနှင့် အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့ဝင်များသည် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဦးဉာဏိဿရဦးဆောင်မှုဖြင့် ဘယ်လ်ဂျီယံနိုင်ငံ မျက်စိနှင့်အထွေထွေခွဲစိတ်ဆရာဝန်၊ သူနာပြုအဖွဲ့၊ သီတဂူ မျက်စိအထူးကုအဖွဲ့တို့က ဆောင်ရွက်လျက်ရှိသောဒေသခံပြည်သူများအား ဆေးကုသမှုများကိုလည်းကောင်း၊ လေရှီးမြို့ ပင်မဆေးရုံသစ် ဆောက်လုပ်နေမှုအခြေအနေ၊ ဒေသတွင်း ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးဦးလှထွန်းနှင့်အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုးချဲ့ကျောင်းဆောင်သစ် ဖြိုးရတနာစာသင်ဆောင်နှင့် အလင်းတံခါးစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ အဆိုပါကျောင်းဆောင်သစ်နှင့် စာကြည့်တိုက်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းငွေကျပ် ၁၂၈ သိန်းဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့သွားရောက်၍ ဒေသခံကျေးရွာများမှ တိုင်းရင်းသူများ သင်တန်းတက်ရောက်နေမှုအခြေအနေကိုစစ်ဆေးပြီး သင်တန်းနည်းပြများနှင့် သင်တန်းသူများကို ထောက်ပံ့ငွေများနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ပြီး သင်တန်းသူအိပ်ဆောင်နှင့် စားရိပ်သာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန
ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန
ရုံးအမှတ်(၄၂)၊ နေပြည်တော်
လျှောက်လွှာခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ရုံးချုပ်တွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး(လစာနှုန်း ကျပ် ၆၇၀၀၀-၁၀၀၀-၇၂၀၀၀) ရာထူး(၁၇)နေရာ အောက်ဖော်ပြပါ အရည်အချင်းကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

(က) ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) (၃) နေရာ
(ခ) သိပ္ပံဘွဲ့(သင်္ချာ၊ ဓာတု၊ ရူပ) (၅) နေရာ
(ဂ) ကွန်ပျူတာသိပ္ပံဘွဲ့ (၃) နေရာ
(ဃ) ဥပဒေဘွဲ့ (၃) နေရာ
(င) စီးပွားရေးဘွဲ့ (၃) နေရာ

၂။ လျှောက်ထားသူများသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား(အပျို/လူပျို)ဖြစ်ရမည်။
(ခ) ၃၁-၁-၂၀၁၄ရက်နေ့တွင် အသက်(၂၅)နှစ်ထက်မကျော်ရ၊ မဟာဘွဲ့ရပါက အသက်ကန့်သတ်ချက်အား လျှော့ပေါ့စဉ်းစားမည်။
(ဂ) ကွန်ပျူတာအခြေခံတတ်ကျွမ်းရမည်။
(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(င) အနည်းဆုံးလုပ်သက် တစ်ဆက်တည်း(၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) ကွန်ပျူတာသိပ္ပံဘွဲ့ရရှိလျှောက်ထားသူများသည် Network Management နှင့် Database Management တို့ကို လက်တွေ့လုပ်ကိုင်နိုင်သူဖြစ်ရမည်။

၃။ ကိုယ်တိုင်ရေးလျှောက်လွှာတွင်-
(က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊
(ခ) မွေးနေ့သက္ကရာဇ်နှင့် အသက်၊
(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ၊
(ဃ) ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ်၊
(င) အဖအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်း၏အလုပ်အကိုင်၊
(စ) အမိအမည်၊နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်း၏အလုပ်အကိုင်၊
(ဆ) အလုပ်သမားမှတ်ပုံတင်အမှတ်၊
(ဇ) ဆက်သွယ်ရန်နေရပ်လိပ်စာ၊ဖုန်းနံပါတ်၊
(ဈ) အမြဲတမ်းနေရပ်လိပ်စာတို့ကို ဖော်ပြရမည်။

၄။ လျှောက်လွှာနှင့်အတူ-
(က) ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်မိတ္တူ
(ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ
(ဂ) (၆)လအတွင်းရရှိထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်း ထောက်ခံချက်မူရင်း၊
(ဃ) ကျန်းမာရေးကောင်းမွန်ကြောင်း(၆)လအတွင်း ဆေးလက်မှတ်ထောက်ခံချက် (မိတ္တူ)
(င) လိုင်စင်ဓာတ်ပုံ(၂)ပုံ (ဓာတ်ပုံနောက်ကျောတွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)
(စ) အိမ်ထောင်စုစာရင်း(မိတ္တူ)

၅။ လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၄၂)၊ နေပြည်တော်သို့လိပ်စာတပ်၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍လည်းကောင်း၊ ၃၁-၁-၂၀၁၄ရက်(သောကြာနေ့) နောက်ဆုံးထား၍ပေးပို့နိုင်သည်။

၆။ အရည်အချင်းသတ်မှတ်ချက်နှင့်ကိုက်ညီသည့် လျှောက်ထားသူများသည် အောက်ဖော်ပြပါအတိုင်း ရေးဖြေစာမေးပွဲဖြေဆို၍ အောင်မြင်လျှင် လူတွေ့နှုတ်ဖြေနှင့် ကွန်ပျူတာအခြေခံဖြေဆိုရမည်-

စဉ်	ဖြေဆိုရမည့် အကြောင်းအရာ	နေ့ရက်	အချိန်	နေရာ
(က)	ရေးဖြေ(မြန်မာစာ၊အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ)	၁၅-၂-၂၀၁၄ (စနေနေ့)	၁၀း၀၀နာရီမှ ၁၂း၀၀နာရီထိ	ရုံးအမှတ်(၄၂)၊ ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန၊ နေပြည်တော်
(ခ)	လူတွေ့နှုတ်ဖြေ	၁၇-၂-၂၀၁၄ (တနင်္လာနေ့)	၀၉း၀၀နာရီ	။

၇။ ရေးဖြေအောင်မြင်၍ လူတွေ့စစ်ဆေးခြင်းလာရောက်ချိန်တွင် ပညာအရည်အချင်းဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်းများ ယူဆောင်လာရန် ဖြစ်သည်။

၈။ ပြည့်စုံခြင်းမရှိသော၊ အချိန်မီရောက်ရှိခြင်းမရှိသော လျှောက်လွှာများအားရွေးချယ်မည်မဟုတ်ပါ။ အသေးစိတ်အား ရုံးအမှတ်(၄၂)၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ရုံးချုပ်၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၀၃၄ နှင့် ၀၆၇-၄၀၉၄၁၉ တို့သို့ တိုက်ရိုက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အာနန္ဒာဘုရား ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းသပိတ်လောင်းလှူပွဲကျင်းပ

သတင်း - ရာမည
ဓာတ်ပုံ - ကျော်သူဝင်း

ညောင်ဦး ဇန်နဝါရီ ၁၆

ပုဂံရှေးဟောင်းအမွေအနှစ် ဘုရားများအနက် တစ်ဆူအပါအဝင်ဖြစ်သည့် သမိုင်းဝင်အာနန္ဒာဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို ပြာသိုလဆန်း ၈ ရက်မှ ပြာသိုလကွယ်နေ့အထိ တစ်လနီးပါး ကျင်းပလျက်ရှိသည်။ ဘုရားကြီးဂေါပကအဖွဲ့၏အဆိုအရ ပွဲတော်ကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ နှစ်ပေါင်း ၈၀၀ ခန့်ရှိပြီဟု သိရသည်။

ဘုရားပွဲတော်ကျင်းပနေစဉ်ကာလအတွင်း ပြာသိုလဆန်း ၁၁ ရက်မှစ၍ ၁၀ ရက်တိုင်တိုင် ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲကျင်းပလျက်ရှိပြီး နယ်လှည့်ဓမ္မကထိက ဆရာတော်များ၏ တရားပွဲများလည်း ပြုလုပ်လျက်ရှိသည်။ ဇန်နဝါရီ ၁၅ ရက် (ပြာသိုလပြည့်နေ့)တွင် ရပ်ဝေးရပ်နီးမှ ဘုရားဖူးကြွရောက်တော်မူလာကြသော ဧည့်သံဃာအပါး ၁၀၀၀ ခန့်နှင့် ပုဂံ ညောင်ဦးခရိုင်အတွင်းမှ ပင့်သံဃာ ၃၀၀ ခန့်အား ဆွမ်းသပိတ် လောင်းလှူခြင်း၊ စာရေးတံမဲဖောက်၍ လောင်းလှူခြင်းများ ပြုလုပ်ခဲ့ကြသည်။

မြန်မာလူမျိုးတို့၏ အလှူအတန်းများပြုလုပ်မှုကို ထိတွေ့သိမြင်လာကြသော နိုင်ငံခြားသားခရီးသွားများကလည်း အဆိုပါ ပြာသိုလပြည့်ဆွမ်းသပိတ်နှင့် စာရေးတံမဲလောင်းလှူပွဲရက်သို့ အမီလာရောက်ကြပြီး ကိုယ်တိုင်ကိုယ်ကျ ပါဝင်လှူဒါန်းခြင်းများပြုလုပ်ကြကြောင်း အာနန္ဒာဘုရားကြီးဂေါပကအဖွဲ့မှ ဒု-ဥက္ကဋ္ဌ ဦးအောင်သန်း၏ ပြောပြချက်အရ သိရသည်။

ဘုရားပွဲတော်ကာလအတွင်း ဘာသာရေးဆိုင်ရာပွဲတော်များ ပါဝင်သလို အနယ်နယ်ရပ်ရပ်မှ လာရောက်ဖျော်ဖြေတင်ဆက်ကြသည့် ခြင်းအလှခတ်ပြိုင်ပွဲများ၊ မန္တလေးဇာတ်အဖွဲ့ငါးဖွဲ့၏

ဗလာဇာတ်ပွဲဖျော်ဖြေတင်ဆက်မှုများ၊ ဈေးဆိုင်ခန်းများ၊ ရိုးရာမုန့်ပဲသရေစာအရောင်းဆိုင်များ၊ အဝတ်အထည်အရောင်းဆိုင်ခန်းများ၊ ဒေသထွက်ကုန် အရောင်းဆိုင်များ၊ မျက်လှည့်ပွဲများ၊ ပုဂံရိုးရာယွန်းထည်ပစ္စည်းအရောင်းဆိုင်များ အစရှိသဖြင့် ခင်းကျင်းပြသ ရောင်းချလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ၊ ဒေသခံပြည်သူများဖြင့် တိုးမပေါက်အောင်စည်ကားလျက်ရှိသည်။ ပုဂံ ညောင်ဦးခရိုင်အတွင်းရှိ ကျေးရွာပေါင်း ၉၂ ရွာခန့်မှ ပြည်သူများကလည်း လှည်းများ၊ ကားများ၊ ဆိုင်ကယ်များဖြင့် ဘုရားပွဲတော်သို့ လာရောက် ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

ထို့အပြင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သော အာဆီယံထိပ်သီးအစည်းအဝေးပွဲသို့ တက်ရောက်ရန်ရောက်ရှိနေကြသည့် နိုင်ငံတကာမှအကြီးအကဲများလည်း ဘုရားပွဲတော်သို့ စိတ်အေးချမ်းမြေ့ လွတ်လပ်စွာ ဝင်ရောက်ဆင်နွှဲကြပြီး အလှူငွေများ ထည့်ဝင်လှူဒါန်းကြကြောင်းလည်း ဂေါပကအဖွဲ့၏ ပြောပြချက်အရ သိရသည်။

ဆက်လက်၍ အာနန္ဒာဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံထိန်းသိမ်းရေးနှင့်ပတ်သက်၍ ဂေါပကအဖွဲ့ထံ မေးမြန်းကြည့်ရာ ပြုပြင်ထိန်းသိမ်းရေးအပိုင်းကို ရှေးဟောင်းသုတေသနဌာနရဲ့ လမ်းညွှန်မှုကြားချက်နဲ့အညီ ပြုပြင်လျက်ရှိပါတယ်။ ငွေရေးကြေးရေးအပိုင်းလည်း အလားတူပါပဲ။ ဘဏ္ဍာရေးနှစ်အလိုက် ရှေးဟောင်းသုတေသနဌာနရဲ့ ခွဲဝေပေးမှုအတိုင်း လုပ်ဆောင်ပေးရပါတယ်။ လက်ရှိမှာတော့ အိန္ဒိယနိုင်ငံမှ အင်ဂျင်နီယာပညာရှင်အဖွဲ့တွေက ရှေးဟောင်းသုတေသနဌာနနဲ့ ဆွေးနွေးညှိနှိုင်းပြီး မှေးမှိန်ပျောက်ကွယ်စပြုနေတဲ့ နံရံဆေးရေးပန်းချီလက်ရာတွေကို ပြန်လည် မွမ်းမံပြင်ဆင်နေပါတယ်”ဟု ဂေါပကအဖွဲ့ ဒု-ဥက္ကဋ္ဌ ဦးအောင်သန်းက ရှင်းပြခဲ့သည်။

မြန်မာကို ကမ္ဘာကသိစေသော အကြောင်းခြင်းရာ များစွာရှိသည့်အနက် ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်များ ကိန်းအောင်းနေသော ပုဂံယဉ်ကျေးမှုနယ်မြေသည် ကမ္ဘာလှည့်ခရီးသည်များ မရောက်မဖြစ် ရောက်အောင် လာရောက်လည်ပတ်သည့် ဒေသတစ်ခုဖြစ်သလို မြန်မာလူမျိုးများအထွတ်အမြတ်ထားရာ ဘုရား၊ စေတီပုထိုးများ ပေါများလှသည့် ဒေသတစ်ခုဖြစ်ပြီး မြန်မာ့ဂုဏ်ရောင်ကို သာသနာရောင်ဖြင့် ထွန်းပြောင်စေလျက်ရှိသော ဒေသတစ်ခုဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

ဖျာပုံမြို့နယ် ရှမ်းကွင်းကြီးကျေးရွာ၌ ဘဝတန်ဆောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ဖျာပုံ ဇန်နဝါရီ ၁၆

ဖျာပုံမြို့နယ် ကျုံတာရှမ်းကွင်းကျေးရွာအုပ်စု ရှမ်းကွင်းကြီးကျေးရွာ ဘဝတန်ဆောင် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၆ ရက်က အဆိုပါ စာကြည့်တိုက်အဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ဘဝတန်ဆောင်စာကြည့်တိုက် အဆောက်အအုံသစ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၊ ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းနှင့် ရပ်မိရပ်ဖတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ကျေးရွာစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်၊ ဝေါလ်ဗီးရှင်းမြန်မာမှ နယ်မြေတာဝန်ခံတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ စာအုပ်စာစောင်များ လှူဒါန်းပွဲကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က စာကြည့်တိုက်ငွေပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိတို့က စာအုပ်စာစောင်များပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌက လက်ခံရယူသည်။

အဆိုပါအဆောက်အအုံသည် ယခင်က သစ်ခင်း၊ သစ်ကာ၊ သွပ်မိုး တစ်ထပ်အဆောက်အအုံဖြစ်ပြီး ယင်းအဆောက်အအုံကို ဖျက်သိမ်း၍ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်း အလျား ၂၂ ပေ၊ အနံ ၁၆ ပေ ကျယ်ဝန်း၍ အသစ်ထပ်မံဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ဝေါလ်ဗီးရှင်းမြန်မာက ကျပ် ၁၆ သိန်း ၊ ကျေးရွာလူထုထည့်ဝင်ငွေကျပ် သိန်း ၂၀၊ စုစုပေါင်း ငွေကျပ် ၃၆ သိန်း အကုန်ကျခံကာ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၇-၁-၂၀၁၄ (သောကြာနေ့)

၅း၄၀	“ဝိဝေကသုံးပါး” တရားတော် (ညောင်ကန်အေးဆရာတော် ဒေါက်တာဘဒ္ဒန္တကုဏ္ဍက)	၉း၀၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ “ပြောင်းလဲသွားသောနှလုံးသား” (အပိုင်း-၅၄)
၆း၄၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ “ချစ်သမီးလေး” (အပိုင်း-၇၁)	၁၀း၀၀	ခေတ်သစ်ပျိုမေ
၇း၅၀	ရန်ကုန်မြင်ကွင်းကျယ် (ချစ်စဖွယ်ကလေးငယ်များ၏ ခရစ္စမတ်ဖက်ရှင်ပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲ)	၁၂း၀၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ “ရွှေဖူးစာလေးတဝဲလည်” (အပိုင်း-၁၈)
၈း၃၅	Kid's Show	၆း၂၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ “ချစ်သမီးလေး” (အပိုင်း-၇၂)

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
နံရံကပ်စာပေရေချမ်းစင် (Mini Book Corner)အိတ်များ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူများ ဗဟုသုတအသိပညာတိုးပွားစေရေးအတွက် အခမဲ့လေ့လာဖတ်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသော နံရံကပ်စာပေရေချမ်းစင် (Mini Book Corner) နံရံကပ်အိတ်များကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

ပစ္စည်းအမျိုးအမည်	အရေအတွက်
နံရံကပ်စာပေရေချမ်းစင်(Mini Book Corner) အလျား၂ ပေ၊ အနံ ၂ ပေ၊ ပတ္တူစအပြာရောင်နံရံကပ်အိတ်၊ စာအုပ်/စာစောင်များထည့်ရန် အဆင့်(၃)ဆင့်ပါရှိပြီး စုစုပေါင်း ပညာရပ်စာအုပ် (၁၂)မျိုးထည့်ရန် အိတ်ကပ်အငယ်များ (၁၂)အိတ်ပါရမည်။ (လက်ရှိ- ကားဂိတ်၊ ဘူတာ၊ ဆေးရုံ၊ ဘဏ်စသည်တို့တွင် ထားရှိသော နမူနာအတိုင်း ဖြစ်ပါသည်။)	၅၀၀၀အိတ်

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၂-၁-၂၀၁၄ ရက်မှ ၂၇-၁-၂၀၁၄ ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၈-၁-၂၀၁၄ ရက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း- ၀၆၇-၄၁၂၃၆၅၊ ၀၆၇-၄၁၂၁၆၄ တို့သို့လည်းကောင်း၊ နံရံကပ်စာပေရေချမ်းစင်ပုံစံများကို အသေးစိတ်သိရှိလိုပါက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးစိုက်ရာ တိုင်းဒေသကြီး/ပြည်နယ်နှင့် ခရိုင်ရုံးများသို့ သွားရောက်ကြည့်ရှု မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	တင်ဒါတင်သွင်းရန်လိပ်စာ
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ်(၇)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၃၆၆	ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ်(၇)၊ နေပြည်တော် ဖုန်း- ၀၆၇-၄၁၂၃၂၇

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်ရှိ မဟာဗောဓိစေတီတော်မြတ်အား ရတနာစိန်ဖူးတော်တင်လှူပူဇော်

နေပြည်တော် ဇန်နဝါရီ ၁၆

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်သည် ယမန်နေ့ နံနက် ၉ နာရီတွင် ကျင်းပသည့် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် မုန်စဲကျွန်း ဗုဒ္ဓပါခြေတော်ရာပရိဝုဏ်အတွင်းရှိ မဟာဗောဓိစေတီတော်မြတ် ရတနာစိန်ဖူးတော်တင် မင်္ဂလာအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ အလှူရှင်များနှင့်အတူ မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြသည်။

ထို့နောက် ဆရာတော်သံဃာတော်များက စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။ ယင်းနောက် ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ရခိုင်ပြည်နယ်အတွင်းရှိ ဂိုဏ်းပေါင်းစုံသံဃနာယက ဆရာတော်များထံမှ ဩဝါဒခံယူ၍ သာသနာရေးဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စစ်တွေမြို့ လောကနန္ဒာစေတီတော်မြတ်ကြီးနှင့် စကြာမုနိသွန်းစက်တော်ရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တံဆိပ်ခေါင်းများ ဝယ်ယူရာ၌ ပိုမိုအဆင်ပြေဟုဆို

ရန်ကုန် ဇန်နဝါရီ ၁၆

ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိ ဘဏ်များနှင့် ဌာနများတွင် ပြည်သူများ လွယ်လင့်တကူ အခွန်တံဆိပ်ခေါင်းနှင့် စာချုပ်ခေါင်းများ ဝယ်ယူနိုင်ပြီဖြစ်ကြောင်း ကြော်ငြာခဲ့ပြီးနောက် ဘဏ်လမ်းနှင့် မဟာဗန္ဓုလ ပန်းခြံလမ်းထောင့်ရှိ ပင်စင်ဦးစီးဌာန တိုင်းရုံးနှင့် အခြားနေရာများတွင် တံဆိပ်ခေါင်းများ လွယ်ကူစွာ ဝယ်ယူနိုင်ကြောင်း သိရသည်။

(၆၉၀)

လယ်ယာစပါးပြည့်အားထား
တားဆီးကာကွယ် မီးအန္တရာယ်

✻ ဝမ်းတွင်းမှ
ထီးလှိုင်ဆည်ကျိုးပေါက်နေမှုကြောင့် ၎င်းဆည်နှင့် ဆက်စပ်လျက်ရှိသော ဆည်/ကန်ငယ်များတွင် စိုက်ပျိုးရေ ရရှိမှု နည်းပါးခြင်းများ ကြုံတွေ့နေရသည်ကို ဖော်ပြပါသတင်းစာမှ ဖတ်ရှုသိရှိရ၍ နိုင်ငံသူ၊ နိုင်ငံသားများအား ရင်ဝယ်သားကဲ့သို့ ထားရှိသော နိုင်ငံတော်သမ္မတကြီးမှ အဆိုပါ ဆည်/ကန်များအား အမြိုပြု၍ စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသူ ဒေသခံ တောင်သူလယ်သမားများအတွက် များစွာစိတ်မကောင်းဖြစ်မိပြီး ကျိုးပေါက်ပျက်စီးနေသည့် ထီးလှိုင်ကန်ကြီးကို ပြန်လည်ပြုပြင်ပေးနိုင်ရန် ယင်းနေ့ နံနက်တွင်ပင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်အား လိုအပ်သည်များ ဆောင်ရွက်ရန် လမ်းညွှန်ခဲ့ပါသည်။

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ ညွှန်ကြားရေးမှူးချုပ်သည် ယင်းနေ့တွင်ပင် ဝမ်းတွင်းမြို့နယ် ထီးလှိုင်ကျေးရွာရှိ ထီးလှိုင်ကန်သို့ ရောက်ရှိခဲ့ပါသည်။ ထီးလှိုင်ကန်တွင် ကွင်းဆင်းလေ့လာစစ်ဆေးပြီးနောက် ပြုပြင်ရန်လိုအပ်သည်များကို ယနေ့မှစ၍ အမြန်ဆုံးစတင်ဆောင်ရွက်ရန် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် စီမံဆောင်ရွက်စေခဲ့ပါသည်။

ထီးလှိုင်ကန်သည် ရှေးမြန်မာမင်းများလက်ထက်က တည်ဆောက်ခဲ့သော သမိုင်းဝင်ကန်တစ်ကန် ဖြစ်ပါသည်။ ပုဂံခေတ်တွင် အနော်ရထာမင်းကြီးသည် ပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှု၍ တိုင်းခန်းလှည့်လည်ရာ လမ်းတစ်လျှောက်တွင် ဆည်မြောင်း၊ ကန်ချောင်းများကို တူးဖော်ခဲ့ရာ ဝမ်းတွင်းမြို့နယ်၊ ထီးလှိုင်ကျေးရွာရှိ ထီးလှိုင်ကန်မှာလည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ အနော်ရထာမင်းသည် ထီးလှိုင်ကျေးရွာနှင့် တာတစ်ရာအကွာအဝေးတွင် ဒေသခံကျေးရွာနေပြည်သူများ စိုက်ပျိုးရေနှင့် သောက်သုံးရေအတွက် မှီခိုအားထားမှုပြုနိုင်ရန် ထီးလှိုင်ကန်ကို တူးဖော်ခဲ့သည်ဟု မှတ်သားသိရှိရပါသည်။ အဆိုပါထီးလှိုင်ကန်နှင့် မလှမ်းမကမ်းတွင် ဆွေဘုံသာစေတီတော်တစ်ဆူကို တည်ထားကိုးကွယ်ခဲ့ပြီး ယခုအခါ ရွှေဘုံသာစေတီတော်ဟု ဘွဲ့အမည်တွင်လျက်ရှိပါသည်။ ပုဂံခေတ် အနော်ရထာမင်းလက်ထက်တွင် ကျန်စစ်သားသည် မင်းပြစ်မင်းဒဏ်သင့်၍ ထွက်ပြေးတိမ်းရှောင်လာရာမှ ဝမ်းတွင်းမြို့နယ် ထီးလှိုင်ကျေးရွာအရပ်သို့ ရောက်ရှိလာခဲ့ပြီး သူကြီးသမီး အိုခင်တန်နှင့် နဖူးစာဆုံခဲ့သည်။ နောင်အချိန်တွင် ကျန်စစ်သားကမင်းဖြစ်သည့်အခါ အိုခင်တန်အား မိဖုရားမြှောက်ခဲ့သည်ဟု ဆိုသည်။ ကျန်စစ်သားသည် အနော်ရထာမင်း တည်ထားကိုးကွယ်ခဲ့သည့် ဆွေဘုံသာစေတီတော်နှင့် ထီးလှိုင်ကန်အား ပြန်လည်မွမ်းမံကိုးကွယ်ခဲ့ကြောင်း သိရသည်။ အနော်ရထာမင်းလက်ထက်၌ ထီးလှိုင်ကျေးရွာသည် ဝမ်းတွင်းမြို့ တောင်ဘက် လျှော်ပင်ဘုရားကုန်းအရပ်တွင် တည်ရှိခဲ့ပြီး ဒုတိယကမ္ဘာစစ်ကာလအတွင်းက ရွာ၌ ကာလဝမ်းရောဂါဖြစ်၍ ကျေးရွာဒေသခံများသည် ယခုထီးလှိုင်ကျေးရွာအရှေ့နှင့် ထီးလှိုင်ကျေးရွာ အနောက်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြောင်း ဒေသခံများ၏ ဘိုးဘွားစဉ်ဆက်စကားရာဇဝင်များအရ သိရပါသည်။

ထီးလှိုင်ကန်ကြီးသည် နှစ်ကာလကြာမြင့်သည်နှင့်အမျှ သဲ၊ နုန်းများ ပို့ချမှုကြောင့် တဖြည်းဖြည်းတိမ်ကောလာသဖြင့် ဝင်ရောက်လာသောရေကို ထိန်းသိမ်းသိုလှောင်ထားနိုင်ခြင်း မရှိသည့်အတွက် ရေပိုလွှဲမှ ရေကျော်ခြင်း၊ ကန်ပေါင်ပေါ်မှ ရေလျှံခြင်းများ ဖြစ်ပေါ်ခဲ့ပါသည်။ မိုးသည်းထန်စွာရွာသွန်းသော အချို့နှစ်များတွင် ရေပိုလွှဲနှင့် ကန်ပေါင်များ ကျိုးပေါက်ပျက်စီးခဲ့ပါသည်။ ကျိုးပေါက်ပျက်စီးသွားသော ကန်ပေါင်အား ပြန်လည်မြေဖို့ခြင်း၊ ပုံစံကျကန်ပေါင်ပြုပြင်ခြင်း၊ ရေပိုလွှဲနှင့် ရေထုတ်ပြွန်များ ပြန်လည်ပြုပြင်ခြင်းတို့ကို ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်ခဲ့ပါသည်။ ကန်တွင်းရေသိုလှောင်နိုင်မှုနည်းပါးမှုကြောင့် ရေသောက်ဧရိယာ ၁၄၀၇ ဧက အပေါ်တွင် စိစစ်ပြီး ဧရိယာ ၁၃၉၄ ဧက ရှိသော်လည်း နှစ်စဉ်ပျမ်းမျှ ဧက ၂၇၀ ခန့်သာ စိုက်ပျိုးရေ ပေးဝေနိုင်ခဲ့ပါသည်။ ထီးလှိုင်ကန်၏အောက်ဘက် ဆည်ရေသောက် ဧရိယာအတွင်းတွင် သီးပင်ကန်၊ တောင်ကန်၊ အမေဒွေးကန်၊ ဆူးဖြူကန်၊ နတ်နန်းကန်၊ ကန်ကြီးကန်၊ ဘုရားတကာကန်၊ ကြိုးကြာကန်၊ သနပ်ကန်၊ ခံတောကန်၊ ကန်ယားကန်နှင့် အောက်ကန်ကြီးကန် စသည့်ကန် ၁၂ ကန်ရှိပြီး ထီးလှိုင်ကန်မှ ပိုလျှံသော ရေများကို သိုလှောင်ထိန်းသိမ်း၍ ရေသောက်ဧရိယာများသို့ ကွက်ဆင့်သောက်စနစ်ဖြင့် ထပ်ဆင့်ရေပေးဝေခြင်းဖြစ်ပါသည်။ သို့သော်လည်း ၎င်းကန် ၁၂ ကန်မှာ ကန်တွင်းသဲ၊ နုန်းပို့ချခြင်း၊ ကန်ပေါင်နိမ့်ကျခြင်းများ ဖြစ်ပေါ်နေသည့်အတွက် ရေသိုလှောင်ထားနိုင်ခြင်း မရှိတော့၍ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိကြောင်း ကွင်းဆင်းတိုင်းတာသိရှိရပါသည်။

၂၀၁၃ ခုနှစ် စက်တင်ဘာ ၂၅ ရက်မှ ၂၉ ရက်အထိ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ထီးလှိုင်ကန်အတွင်း ရေဝင်ရောက်မှုများပြားကာ ရေပိုလွှဲမှ ရေကျော်ခြင်း၊ ကန်ပေါင်ပေါ်မှ ရေလျှံခြင်းများ စတင်ဖြစ်ပေါ်ပြီး ရေပိုလွှဲ၏ ဝဲ၊ ယာဘက်များတွင် ပေ ၃၀ ခန့်စီ ကျိုးပေါက်ပျက်စီးခဲ့ပါသည်။ ရေကြီးရေလျှံဖြစ်ပေါ်ချိန်မှစ၍ ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာနေပြည်သူများ ပူးပေါင်း၍ ရေလေလွင့်ဆုံးရှုံးမှုနည်းပါးစေရန် မျောရိုက်ကပ်ကာခြင်းလုပ်ငန်း၊ သဲအိတ်ချ၍ ကျိုးပေါက်ပျက်စီးမှုကို ယာယီပိတ်ဆို့ခြင်းလုပ်ငန်းများ နေ့ညမပြတ် အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့သည့်အတွက် ရေသောက်ဧရိယာအတွင်း စိုက်ပျိုးထားသော မိုးစပါး ၂၆၅ ဧကကို အောင်ရေရသည်အထိ ရေပေးဝေနိုင်ခဲ့ပါသည်။

ထီးလှိုင်ကန်နှင့် အခြားဆက်စပ်လျက်ရှိသော ကန်ငယ်များ ပြုပြင်ဆောင်ရွက်ပြီးစီးပါက ရေသောက်ဧရိယာ ၁၄၀၇ ဧကအပေါ် စိစစ်ပြီးဧရိယာ ၁၃၉၄ ဧကအား စိုက်ပျိုးရေပြည့်ဝစွာ ပေးဝေနိုင်မည့်အပြင် ထီးလှိုင်အရှေ့ရွာ၊ ထီးလှိုင်အနောက်ရွာ၊ ထနောင်းကုန်းရွာ၊ နတ်နန်းရွာနှင့် လိန်ပင်ကျေးရွာတို့မှ အိမ်ထောင်စု ၁၄၂၀ ရှိ လူဦးရေ ၈၅၀၀ နှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များ စိုက်ပျိုးရေနှင့် သောက်သုံးရေဖူလုံစွာ ရရှိနိုင်မည်ဖြစ်သည့်အတွက် ဒေသတွင်းရှိ ပြည်သူလူထု၏ လူနေမှုဘဝတိုးတက်မြင့်မားကာ နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သော ကျေးလက်နေပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

ပထမ မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သော အနော်ရထာမင်းနှင့် လက်ရုံးရည်၊ နှလုံးရည် ဘုန်းတန်ခိုးနှင့် ပြည့်စုံသော ကျန်စစ်သားမင်းတို့ တူးဖော်ဆောင်ရွက်ခဲ့သည့် ထီးလှိုင်ကန်ကြီးနှင့် ဆက်စပ်လျက်ရှိသော ကန်ငယ်များကို ပြန်လည်ပြုပြင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက လမ်းညွှန်ခဲ့ပါသည်။

သို့ပါ၍ ယခုအခါ ထီးလှိုင်ကန်ကြီးသာမက ၎င်းနှင့် ဆက်စပ်လျက်ရှိသော ကန်ငယ်များကို အမြန်ဆုံးပြန်လည်ပြုပြင် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်၏ စီစဉ်ညွှန်ကြားမှုတို့ကို ခံယူ၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ ထီးလှိုင်ကန်နှင့်အတူ ဆက်စပ်လျက်ရှိသော ကန်ငယ်များကိုပါ ပြုပြင်ဆောင်ရွက်ပေးမည်ဟု ဒေသခံပြည်သူများ သိရှိသောအခါ နိုင်ငံတော်အကြီးအကဲ၊ နိုင်ငံတော်အစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့အား အထူးကျေးဇူးတင်၍ ဝမ်းသာ သာဓုခေါ်ဆိုလျက် ရှိကြကြောင်း သိရှိရသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အငယ်တန်းစာရေးရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲ ဖြေဆိုရန် အကြောင်းကြားခြင်း

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် လစ်လပ်လျက်ရှိသည့် အငယ်တန်းစာရေးရာထူးနေရာများအတွက် အရည်အချင်းစစ်စာမေးပွဲကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက် (စနေနေ့)တွင် အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း၊ (အထက-ခွဲ)၊ နေပြည်တော်၌ ၁၃း၀၀ နာရီမှ ၁၆း၀၀ နာရီထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် လျှောက်ထားသူများသည် ၆-၂-၂၀၁၄ ရက် ရုံးချိန်အတွင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၌ ဖြေဆိုခွင့်ကတ်ပြားများကို နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)ဖြင့် လာရောက်ထုတ်ယူရန်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ တယ်လီဖုန်းအမှတ်-၀၆၇-၄၁၀၂၆၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်)နှင့်ဆေးရုံကြီးများတွင် အသုံးပြုရန် အောက်ဖော်ပြပါမော်တော်ယာဉ်များအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်။

(က)	Hilux Double Cab	(၁၅) စီး
(ခ)	Toyota Hiace(7 Seaters)	(၅) စီး
(ဂ)	Townace(1.5 Ton)	(၃) စီး

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၆-၁-၂၀၁၄ ရက်
၃။ တင်ဒါပိတ်မည့်ရက် - ၁၄-၂-၂၀၁၄ ရက်
၄။ တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ
၅။ တင်ဒါပုံစံနှင့်အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာ၌ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ကျန်းမာရေးဦးစီးဌာန
ရုံးအမှတ်(၄)၊ နေပြည်တော်
ဖုန်း-၄၁၁၃၆၁၊ ဖက်စ်-၄၁၁၄၇၈



မန်စီးတီး၏ ဂိုး(၁၀၀)မြောက် သွင်းဂိုးရှင် ဘယ်သူဖြစ်လာမလဲ

ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်း၏ ယခုနှစ်ဘောလုံးရာသီစွမ်းဆောင်ရည်ကောင်းမွန်လာမှုကတော့ ပရိသတ်အတွက် စိတ်ဝင်စားဖွယ်ပွဲ့စ္စာတစ်ပုဒ်ဆိုလျှင် မှားမည်မဟုတ်ပေ။

ငွေကြယ်

မန်စီးတီးအသင်းဟာဆိုရင် ပြီးခဲ့တဲ့ နွေရာသီအပြောင်းအရွှေ့မှာ နီဂရီဒို၊ ဂျီးဆက်နားဗက်စ်၊ ဂျိုးဗီတစ်၊ ဖာနန်ဒင်ဟိုစတဲ့ကစားသမားတွေကို အီတီဟတ်ဒ်အရောက် ခေါ်ယူနိုင်ခဲ့ခြင်းဟာ ယခုနှစ် ဘောလုံးရာသီအစမှာ မန်စီးတီးကို ရောက်လာတဲ့ နည်းပြ ပယ်လီဂရီနီအတွက် ဂုဏ်တက်စရာပင်ဖြစ်တယ်။

ပြီးခဲ့တဲ့ရာသီက တီဗက်ဇ်နဲ့ အဂူရိုအတွဲညီခဲ့ပေမယ့် ယခုနှစ်စွမ်းဆောင်ရည်ကို မမီခဲ့ပေ။ ယခုနှစ်ရာသီပြိုင်ပွဲအရပ်ရပ်တွင်ပြိုင်ဘက်အသီးသီးကို အကောင်းမွန်ဆုံးရလဒ်ရအောင် စွမ်းဆောင်ပြနိုင်ခဲ့တယ်။ မန်စီးတီးအသင်းဟာ ယခုရာသီမှာ အိမ်ကွင်းပေးဂိုးအနည်းဆုံး အသင်းတစ်သင်းအဖြစ် မှတ်တမ်းဝင်နေတဲ့အပြင် မန်စီးတီးကစားသမားတွေရဲ့ ဂိုးသွင်းစွမ်းရည်ရှိမှုဟာဆိုရင် ဇန်နဝါရီ ၁၅ ရက် ညပိုင်းက ဘလက်ဘန်းနဲ့ ကစားခဲ့တဲ့ အက်ဖ်အေဖလားတတိယအဆင့်ပြိုင်ပွဲမှာ ငါးဂိုးပြတ်နိုင်ပွဲရရှိခဲ့ပြီးတဲ့နောက်မှာ မန်စီးတီးအသင်းရဲ့ ယခုနှစ်ဘောလုံးရာသီပြိုင်ပွဲအရပ်ရပ်တွင် ရရှိခဲ့တဲ့ သွင်းဂိုး ၉၉ အထိ ရှိလာခဲ့ပြီဖြစ်တယ်။

အဆိုပါ သွင်းဂိုး ၉၉ ဂိုးထဲမှာ ယခုနှစ်မှခေါ်ထားတဲ့ တိုက်စစ်မှူး နီဂရီဒိုဟာ ၂၁ ဂိုးအထိ သွင်းယူထားပြီး ၎င်းနောက်တွင် အဂူရိုက သွင်းဂိုး ၂၀ နဲ့ မန်စီးတီးရဲ့ ယခုနှစ်ဘောလုံးရာသီ သွင်းဂိုးအများဆုံး ကစားသမားစာရင်းမှ ဒုတိယနေရာကလိုက်နေတယ်။ ဇန်နဝါရီ ၁၈ ရက်မှာဆိုရင် မန်စီးတီးအသင်းဟာ ကာဒစ်ဖ်အသင်းနဲ့ ကစားရဖို့လည်းရှိတယ်။ ဒါကြောင့် အဲဒီပွဲစဉ်မှာ မန်စီးတီးအသင်းအတွက် ယခုနှစ်ဘောလုံးရာသီသွင်းဂိုး ၁၀၀ မြောက် ဂိုးသွင်းရှင် ဘယ်ကစားသမားဖြစ်လာမလဲဆိုတာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရပါဦးမယ်။



ရုရှားတင်းနစ်မယ် ရှာရာပိုဗာ ဩစတြေးလျအိုးပင်း တတိယအဆင့်တက်ပြီ

၂၀၁၄ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲကို ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့ရှိ တင်းနစ်အားကစားကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ရုရှားတင်းနစ်မယ် မာရီရာရှာရာပိုဗာနှင့် အီတလီတင်းနစ်မယ် ကာရင်နယ်တို့ပွဲစဉ်တွင် အပူလှိုင်းများကျရောက်ခဲ့သော်လည်း ရှာရာပိုဗာက အနိုင်ကစားနိုင်ခဲ့သည်။

၂၀၀၈ ဩစတြေးလျအိုးပင်း အမျိုးသမီးတစ်ဦးချင်း ချန်ပီယံရှာရာပိုဗာသည် ယင်းပွဲစဉ်တွင် အပူလှိုင်း ၄၀ စင်တီဂရိတ်အထိ ကျရောက်ခဲ့သော်လည်း ပြိုင်ဘက်အီတလီတင်းနစ်မယ်ကို ၆-၃၊ ၄-၆၊ ၁၀-၈ ဖြင့် အနိုင်ရရှိခဲ့သည်။ ဩစတြေးလျတင်းနစ်ပြိုင်ပွဲသည် ဇာတ်ရှိန်မြင့်လာသည့်အနေအထားတွင် ရှိနေပြီဖြစ်သော်လည်း လက်ရှိတွင် အပူလှိုင်းသည် ၄၃ ဒသမ ၈ စင်တီဂရိတ်အထိ ရှိလာခဲ့ခြင်းကြောင့် ပြိုင်ပွဲကို ခေတ္တဆိုင်းငံ့ထားရကြောင်း သိရသည်။

ပရီမီယာလိဂ်ရင်ခုန်သံ - ၂၂

ရှိုင်းမင်းမင်း

ပရီမီယာလိဂ်ပွဲစဉ် ၂၂ ကို ဇန်နဝါရီ ၁၈၊ ၁၉၊ ၂၀ ရက်တွေမှာ ကျင်းပသွားဖို့ရှိပါတယ်။ ဒီပွဲစဉ်မှာတော့ ချယ်လ်ဆီးနဲ့ မန်ယူတို့ဆုံတွေ့နေလို့ အကြိတ်အနယ်ရှိမှာပါ။

ဆန်းဒါးလန်း - ဆောက်သမ်တန် ည ၇း၁၅ (၁၈-၁-၁၄)

ဆန်းဒါးလန်းကစားအား မဆိုးပါဘူး။ တန်းမဆင်းရဖို့လည်း ရုန်းကန်နေရပါတယ်။ အိမ်ကွင်းလည်းဖြစ်တယ်။ ဆောက်သမ်တန်ကလည်း အဝေးကွင်းမှာဆိုရင် ခြေသာမန်သာရှိတာကြောင့် ဒီပွဲမှာ ဆန်းဒါးလန်းနဲ့ အရဲစွန့်မယ်။

အာဆင်နယ် - ဖူလ်ဟမ် ည ၉း၃၀(၁၈-၁-၁၄)

ဖူလ်ဟမ်ခြေ အားပျော့မှုများတယ်။ အထူးသဖြင့် အဝေးကွင်းမှာ ခြေပိုအားပျော့တတ်တယ်။ အာဆင်နယ်ကလည်း ဒီလိုပွဲမျိုးမှာ အမှားခံမှာမဟုတ်ဘူး။ အာဆင်နယ်ပွဲပန်းနေပေမယ့် ဒီပွဲမှာတော့ အနိုင်ရသွားမှာပါ။

ပဲလေ့စ် - စတုတ် ည ၉း၃၀(၁၈-၁-၁၄)

ပဲလေ့စ်ဟာ ကစားပုံမဆိုးပါဘူး။ အိမ်ကွင်းလည်းဖြစ်တယ်။ တန်းမဆင်းရဖို့လည်း အားစိုက်လာမှာပါ။ စတုတ်က ခြေသာမန်သာရှိသလို အဝေးကွင်းဆိုရင် တိုက်စစ်ပိုင်းကအစ အားပျော့တတ်တယ်။ ပဲလေ့စ်သရေလောက်ရမယ်။

မန်စီးတီး - ကာဒစ်ဖ် ည ၉း၃၀(၁၈-၁-၁၄)

ကာဒစ်ဖ်ဟာ ဆိုးရှားလ်လက်ထက်မှာ အထိုင်ကျဖို့အချိန်ယူနေရဆဲပါ။ မန်စီးတီးအနေနဲ့ ဒီလိုပွဲမျိုးမှာ အမှားခံမှာမဟုတ်ဘူး။ ဒီရာသီအိမ်ကွင်းမှာ အကောင်းဆုံးခြေစွမ်းတွေကို ပြသထားနိုင်တဲ့ မန်စီးတီးပဲ အနိုင်ရသွားမှာပါ။

နော့ဝှစ်ချ် - ဟားလ် ည ၉း၃၀(၁၈-၁-၁၄)

ဟားလ်က ခြေမဆိုးပေမယ့် အဝေးကွင်းဆိုရင် အားပျော့မှုတွေ ရှိတတ်တယ်။ နော့ဝှစ်ချ်က တန်းမဆင်းရဖို့ အိမ်ကွင်းမှာ အားစိုက်လာမယ့်အသင်းပါ။ ဒါကြောင့် ဟားလ်တို့ဒီပွဲစဉ်မှာ အမြင့်ဆုံးသရေလောက်ပဲရဖို့ရှိတယ်။

ဝက်စ်ဟမ်း - ကာဆယ် ည ၉း၃၀(၁၈-၁-၁၄)

အိမ်ကွင်းမှာ ဝက်စ်ဟမ်းတို့ အမှတ်ရအောင် အားစိုက်ကစား လာမှာပါ။ ကာဆယ်က အခုနောက်ပိုင်း တိုက်စစ်ပိုင်းစွမ်းဆောင်ရည် အားနည်းနေပါတယ်။ ဒါကြောင့်ဒီပွဲမှာ ဝက်စ်ဟမ်းနဲ့ပဲ အရဲစွန့်ချင်ပါတယ်။ ဂိုးနည်းမယ်။

လီဗာပူး - ဗီလာ နံနက် ၀၀း၀၀(၁၉-၁-၁၄)

အိမ်ကွင်းမှာ လီဗာပူးတို့ အမှားခံမှာမဟုတ်ဘူး။ ဗီလာခြေအခုနောက်ပိုင်းမဆိုးပေမယ့် လီဗာပူးရဲ့ တိုက်စစ်နဲ့ အိမ်ကွင်းအားကို ထိန်းချုပ်ဖို့ခက်ပါတယ်။ အိမ်ကွင်းမှာ လီဗာပူးကသာ နိုင်ပွဲရသွားဖို့ရှိပါတယ်။

ဆွမ်ဆီး - စပါး ည ၈း၀၀(၁၉-၁-၁၄)

ရလဒ်ပိုင်းဆိုးနေတဲ့ ဆွမ်ဆီးအနေနဲ့ အိမ်ကွင်းမှာ အမှတ်ရအောင် အားစိုက်လာမှာပါ။ ဒါပေမယ့် အခုနောက်ပိုင်းစပါးရဲ့ခြေကလည်း တည်ငြိမ်နေတဲ့အတွက် ဆွမ်ဆီးရုန်းကန်ရမှာပါ။ စပါး အနိမ့်ဆုံးသရေရမယ်။

ချယ်လ်ဆီး - မန်ယူ ည ၁၀း၄၀(၁၉-၁-၁၄)

ခြေစွမ်းအရ ချယ်လ်ဆီးအားသာမှုရှိတာ မြင်သာတယ်။ မန်ယူအနေနဲ့ အမှတ်လိုနေပေမယ့်လည်း ပွဲဆက်များမှုဒဏ်ကို အပြည့်အဝခံနေရတယ်။ ဒဏ်ရာရမှုတွေလည်း ရှိတယ်။ ချယ်လ်ဆီးနဲ့ပဲ ရပ်တည်သွားရဖို့ရှိတယ်။

ဝက်စ်ဘရွန်း - အဲဗာတန် နံနက် ၂း၃၀(၂၁-၁-၁၄)

လက်ရှိအဲဗာတန်ရဲ့ခြေကို ဝက်စ်ဘရွန်းမမီဘူး။ အိမ်ကွင်းမှာ အမှတ်ရဖို့ ဝက်စ်ဘရွန်းတို့ အားစိုက်လာမှာဖြစ်ပေမယ့်လည်း ခြေစွမ်းတည်ငြိမ်နေတဲ့ အဲဗာတန်ကသာ ထိန်းချုပ်ပြီး နိုင်ပွဲရယူသွားမှာပါ။ ဂိုးပြတ်ဖို့ခက်တယ်။

ဖြူးဆရာတော်တပည့် မြိုင်ဆရာတော်တရားပွဲ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၅ ရပ်ကွက်၊ မြင်သာ(၁)လမ်း၊ မြိုင်မဟာစည်သာသနာ့ရိပ်သာ ပဓာနနာယက၊ မြိုင်ဆရာတော် အရှင်ပညာ ဇောတ (ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ၊ နယ်လှည့်ဓမ္မကထိက) အရှင်သူမြတ် သည် ဇန်နဝါရီလ ၁၇ရက်တွင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်း ဘူတာရပ်ကွက် ပန်းလှိုင်အရုဏ်တော်ဝတ်အသင်း ဓမ္မသဘင်နှင့် ၁၉ ရက်တွင် သာကေတမြို့နယ်၊ (၆)အနောက် ရပ်ကွက်၊ ဇမ္ဗူသီရိ(၉)လမ်း၊ ဓမ္မသဘင်တို့၌ ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည် ဖြစ်ပါသည်။





သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ အမှတ်(၁၄၂)၊ မင်းရဲကျော်စွာ (၄)လမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၌နေထိုင်သော ဦးလှအုန်းနှင့် ဒေါ်ထွေးတို့၏ သမီးအရင်းဖြစ်သူ မခိုင်ဆုမွန် [၁၂/ဥကမ(နိုင်)၂၀၃၁၀၉]သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိဘများ ခွင့်မလွှတ်နိုင်သည့်ကိစ္စများကို အကြိမ်ကြိမ်လုပ်ဆောင်ခဲ့ပြီး အရှက်တကွဲဖြစ်အောင်၊ စိတ်ဆင်းရဲအောင်ပြုမူခဲ့သည့်အတွက် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါသည်။ နောက်နောင်တွင် ၎င်းနှင့် ပတ်သက်သည့်ကိစ္စများကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးလှအုန်း [၁၂/မရက (နိုင်) ၀၉၇၄၅၉]

ဒေါ်ထွေး [၁၂/မရက (နိုင်) ၀၀၈၀၈၈]





ဇန်နဝါရီ ၁၅ရက်က အီဂျစ်နိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လူထုဆန္ဒခံယူပွဲကျင်းပချိန်အတွင်း ကြည်းတပ်တပ်ဖွဲ့ဝင်များ လုံခြုံရေးစောင့်ကြပ်နေကြစဉ်။

အီဂျစ်သို့ ဘဏ္ဍာရေးအကူအညီ ပြန်လည်ပေးအပ်ရေး ဒီမိုကရေစီအသွင်ကူးပြောင်းမှုနှင့် ဆက်နွှယ်နေ

ဝါရှင်တန် ဇန်နဝါရီ ၁၆

အီဂျစ်နိုင်ငံသို့ ဘဏ္ဍာရေးအကူအညီ ဒေါ်လာ ၁ဒသမ ၄ဘီလီယံကို ခြွင်းချက်ပြု၍ ပြန်လည်ပေးအပ်နိုင်ရေးအတွက် အမေရိကန် ကွန်ဂရက်လွှတ်တော်က သမ္မတ ဘာရက်အိုဘားမားအား ခွင့်ပြုပေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၁၆ရက်တွင် သတင်းထုတ်ပြန်သည်။

အီဂျစ်နိုင်ငံ၌ စစ်တပ်ကထောက်ခံသော အစိုးရအဖွဲ့က အာဏာခိုင်မြဲစေရန် ဦးတည်လှုပ်ရှားနေချိန်တွင် အမေရိကန်အစိုးရအဖွဲ့က ကြိုတင်စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းနိုင်ငံကို အကူအညီပြန်လည်ပေးရန် ကွန်ဂရက်လွှတ်တော်က လိုလားသည်။ အီဂျစ်နိုင်ငံ၌ ဒီမိုကရေစီအသွင်ကူးပြောင်းမှုအတွက် အစိုးရအဖွဲ့က ဆောင်ရွက်မည်ဆိုပါက ငွေကြေး အကူအညီပေးမှုကို ပြန်လည်ခွင့်ပြုပေးမည်ဖြစ်သည်။

အီဂျစ်နိုင်ငံ၌ လွန်ခဲ့သည့်နှစ်က အတိုက်အခံဆန္ဒပြသူများကို အစိုးရက ဖြိုခွင်းခဲ့ပြီးနောက် ယင်းနိုင်ငံသို့ အကူအညီပေးမှုကို အမေရိကန်အစိုးရက ဆိုင်းငံ့ထားခဲ့သည်။

၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ခွဲဝေချထားပေးသော အသုံးစရိတ်ဘတ်ဂျက်ငွေစာရင်းတွင် အီဂျစ်နိုင်ငံသို့ ငွေကြေးထောက်ပံ့ခြင်းနှင့် ပတ်သက်၍ ကြိုတင်စည်းကမ်းသတ်မှတ်ချက်နှစ်ရပ်ကိုပြဋ္ဌာန်းထားသည်။ ပထမအချက် အနေဖြင့် အီဂျစ်အစိုးရအဖွဲ့က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြည်သူ့ဆန္ဒခံယူပွဲတစ်ရပ် ကျင်းပပေးရန်နှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းမှုအတွက် အစိုးရက ကြိုးပမ်းဆောင်ရွက်ရန် ဖြစ်သည်။

ဒုတိယအချက်အနေဖြင့် ပါလီမန်နှင့် သမ္မတ ရွေးကောက်ပွဲများ ကျင်းပပေးရန်ဖြစ်ပြီး ဖော်ပြပါ အခြေအနေများနှင့် ကိုက်ညီမှသာ ငွေကြေး အကူအညီပေးရန် ကွန်ဂရက်က ခွင့်ပြုပေးမည်ဖြစ်သည်။

ပီတီအိုင်။

အက်ဖ်-၃၅ စာရွက်စာတမ်းများ အီရန်သို့ ခိုးထုတ်ရန်ကြိုးပမ်းသူကို အမေရိကန်အာဏာပိုင်များ ဖမ်းဆီး

ဝါရှင်တန် ဇန်နဝါရီ ၁၆

နည်းပညာ အဆင့်မြင့် စစ်လေယာဉ်နှင့်ဆိုင်သော စာရွက်စာတမ်းများကို ခိုးယူ၍ အီရန်နိုင်ငံသို့ တင်ပို့ရန် ကြိုးစားသည်ဟု စွပ်စွဲလျက် အီရန်နီယန်-အမေရိကန် အင်ဂျင်နီယာတစ်ဦးကို အမေရိကန်အာဏာပိုင်များက ဖမ်းဆီးလိုက်ကြောင်း ကြာသပတေးနေ့ သတင်းတွင် ဖော်ပြသည်။

ဗဟိုအစိုးရ ရှေ့နေများက မိုဇာဖာ ခါဇာအီး(၅၉)နှစ်အား အက်ဖ်-၃၅ တိုက်လေယာဉ်၏ စာမျက်နှာ ထောင်နှင့်ချီသော စာရွက်စာတမ်းများကို တရားမဝင် တင်ပို့ရန် ကြိုးစားခဲ့သည်ဟု စွပ်စွဲသည်။

ခါဇာအီးသည် ၎င်းအား အင်ဂျင်နီယာအဖြစ် ခန့်အပ်ခဲ့သော စစ်ဘက်ဆိုင်ရာ ကန်ထရိုက်တာများထံမှ ၎င်းစာရွက်စာတမ်းများကို ခိုးယူခဲ့ခြင်းဖြစ်သည်ဟု ရှေ့နေများကပြောကြားသည်။

၎င်းသည် စစ်ဘက်ဆိုင်ရာ ကန်ထရိုက်တာ ပရတ်နှင့်ဝှစ်နေး၏ ဝန်ထမ်းဟောင်းတစ်ဦးဖြစ်ပြီး စစ်ဘက်သုံးအင်ဂျင် အစိတ်အပိုင်းများ၏ ကြံ့ခိုင်မှုကို စမ်းသပ်ရသည့်တာဝန်ထမ်းဆောင်ရသည်။

အမေရိကန်က ၎င်းကို ဖမ်းဆီးခဲ့ပြီးနောက် တရားရုံးတွင် ဆက်လက်စစ်ဆေးရန်အတွက် ကွန်နက်တီကတ်သို့ လွှဲပြောင်းပေးပို့မည်ဖြစ်သည်ဟု ကွန်နက်တီကတ်ရှေ့နေရုံး၏ ပြောရေးဆိုခွင့်ရှိသူ သောမတ်ကာဆန်က ဘီဘီစီသို့ ပြောကြားသည်။

အီရန်နိုင်ငံသို့ ခရီးသွားမည့် ခါဇာအီးကို နယူးဂျာစီပြည်နယ် နီးဝပ်ရှိလေဆိပ်၌ ဇန်နဝါရီ ၉ရက်တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု ရှေ့နေရုံး၏ ကြေညာချက်တွင် ဖော်ပြထားသည်။

လော့ခ်ဟိမာတင်ကုမ္ပဏီ၏ စက်ရုံတွင် အဆင့်မြင့်နည်းပညာသုံး အက်ဖ်-၃၅ တိုက်လေယာဉ်တစ်စင်းကို ထုတ်လုပ်စဉ်။

တရားရုံးမှတ်တမ်းများအရ အီရန်နိုင်ငံသို့ ထွက်ခွာမည့် ကယ်လီဖိုးနီးယားပြည်နယ် လောင်းအိချ်ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော ကုန်တင်သင်္ဘောသို့ ကွန်နက်တီကတ်မှ ထရပ်ကားဖြင့် ပစ္စည်းများ ပေးပို့ခြင်းအား အမေရိကန် အကောက်ခွန်အရာရှိများနှင့် အမိမြေလုံခြုံရေး အေးဂျင့်များက ကြားဖြတ်ဖမ်းဆီးရမိရာမှ နိုဝင်ဘာလတွင် စုံစမ်းစစ်ဆေးမှု စတင်ခဲ့ခြင်းဖြစ်သည်။

လူသုံးကုန်ပစ္စည်းများဖြစ်သည်ဟု အမှတ်အသားပြုလုပ်ထားသော်လည်း တာဝန်ရှိသူများက အက်ဖ်-၃၅ တိုက်လေယာဉ်နှင့် ပတ်သက်သော စာရွက်စာတမ်းများ ထည့်ထားသည့် သေတ္တာများကို တွေ့ရှိခဲ့သည်။

ခါဇာအီးသည် အီရန်နိုင်ငံသားဖြစ်ပြီး အမေရိကန်နိုင်ငံသားအဖြစ် ခံယူထားသူဖြစ်သည်။ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှား၍ ပြစ်ဒဏ်စီရင်ခြင်းခံရလျှင် ထောင်ဒဏ် ၁၀နှစ် ကျခံရမည့်အပြင် ဒဏ်ငွေဒေါ်လာ ၂၅၀၀၀၀ ပေးဆောင်ရမည်ဖြစ်သည်။ **ဘီဘီစီ။**

မြူခိုးမြူ ပမာဏမြင့်တက်လာမှု သတိပြုရန် ပေကျင်းမြို့နေ ပြည်သူလူထုအား သတိပေး

ပေကျင်း ဇန်နဝါရီ ၁၆

တရုတ်နိုင်ငံ မြို့တော်ပေကျင်းမြို့တွင် လေထုညစ်ညမ်းမှုပမာဏ မြင့်တက်လာခြင်းအား ကြိုတင်သတိထားမှုများ ပြုကြရန် အာဏာပိုင်များက သတိပေးထုတ်ပြန်မှုများ ပြုခဲ့ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မြို့တော်ပေကျင်း၏ လေထုညစ်ညမ်းမှုပမာဏအား မှတ်တမ်းတင်ရာ၌ ဇန်နဝါရီ ၁၆ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထောက်ခံတင်ပြထားသည့် လေထုညစ်ညမ်းမှုပမာဏထက် အဆ ၂၀ခန့် ပိုမိုခဲ့သည်ဟုဆိုသည်။

မြို့တော်ပေကျင်းတွင် ထူထပ်စွာဖုံးလွှမ်းနေသည့် မီးခိုးမြူများကြောင့် မိုးမျှော်အဆောက်အအုံများ၏ပတ်ဝန်းကျင်၌ မီတာရာပေါင်းအနည်းငယ်မျှဝေးသောနေရာများအထိ မြင်ကွင်းကို တားဆီးဖုံးလွှမ်းနေပြီး လေထုအတွင်း၌ သေးငယ်သော ဖုန်မှုန့်များရစ်သိုင်းလျက်ရှိသည်။

ပေကျင်းမြို့တော်အာဏာပိုင်များက မြို့တော်နေသူများ လုပ်ငန်းခွင်သို့ သွားလာရာ၌ မျက်နှာဖုံးအကာအကွယ်များ တပ်ဆင်သွားလာကြရန် အကြံပေးထားပြီး ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် အဆောက်အအုံများအတွင်း၌သာ နေထိုင်ကြရန် ဆော်ဩထားသည်။ **ဘီဘီစီ။**

မြို့တော်ပေကျင်း၌ မီးခိုးမြူလွှမ်းခြုံလျက်ရှိသည်ကို တွေ့ရစဉ်။

တောင်ဆူဒန် အစိုးရတပ်ဖွဲ့များနှင့် လက်တွဲ၍ သူပုန်များအား တိုက်နေဟု ယူဂန္ဒာသမ္မတ ထုတ်ဖော်ပြောကြား

အင်တက်အီ ဇန်နဝါရီ ၁၆

တောင်ဆူဒန် အစိုးရတပ်ဖွဲ့များနှင့် လက်တွဲကာ တောင်ဆူဒန်သူပုန်တပ်ဖွဲ့များအား ဆန့်ကျင်တိုက်ခိုက်မှုများ ပြုနေကြောင်း ယူဂန္ဒာနိုင်ငံ သမ္မတ ယိုရီဟူဆေဗီနီက အတည်ပြု ပြောကြားကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ပူးပေါင်းတိုက်ခိုက်

တောင်ဆူဒန်နိုင်ငံမြို့တော်ဂျူဘားမြောက်ပိုင်း၌ တောင်ဆူဒန်သူပုန်တပ်ဖွဲ့များအပေါ် အောင်မြင်မှုရရှိခဲ့သည့် တိုက်ပွဲကြီး၌ ယူဂန္ဒာတပ်ဖွဲ့များနှင့် တောင်ဆူဒန်အစိုးရတပ်ဖွဲ့များ ပူးပေါင်းတိုက်ခိုက်ခဲ့သည်ဟု ၎င်းက ပြောကြားသည်။

ယူဂန္ဒာတပ်ဖွဲ့များ အနေဖြင့် အကျအဆုံး အနည်းငယ်ရှိသော်လည်း အသေးစိတ် အချက်အလက်များကိုမူ ယူဂန္ဒာသမ္မတက ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ လွန်ခဲ့သည့် လများအတွင်းက တောင်ဆူဒန်နိုင်ငံ အစိုးရနှင့် သူပုန်များအကြား ဖြစ်ပွားခဲ့သော ပဋိပက္ခများအတွင်း ထောင်နှင့်ချီသော ပြည်သူများ သေဆုံးခဲ့ရသည်ဟု ယုံကြည်မှုများ ဖြစ်ပေါ်ခဲ့ရသော်လည်း ယူဂန္ဒာနိုင်ငံမှလက်နက်ကိုင် တပ်ဖွဲ့ဝင်အင်အား မည်မျှ တောင်ဆူဒန်တွင် ရှိနေမည်ကိုမူ ရှင်းလင်းစွာ မသိရသေးပေ။

တောင်ဆူဒန်နိုင်ငံ ဘိုးရ်နှင့် မာလကယ်မြို့အနီး၌ တိုက်ခိုက်မှုများ စဉ်ဆက်မပြတ်ဖြစ်ပွားနေစဉ်အတွင်း အထက်ပါ မှတ်ချက်ပြု ပြောကြားချက် ထွက်ပေါ်လာခြင်းဖြစ်ပြီး တောင်ဆူဒန်သူပုန်တပ်ဖွဲ့များအနေဖြင့် မာလကယ်မြို့အား ထိန်းချုပ်ထားရန် ကြိုးပမ်းနေပြီး အစိုးရတပ်ဖွဲ့များကမူ ဘိုးရ်မြို့အနီး ဖြန့်ကြက်ထားလျက်ရှိသည်။

ဘီဘီစီ။

ကုလသမဂ္ဂတပ်ဖွဲ့၏ မောင်းသူမဲ့လေယာဉ် ပျက်ကျ

ဂိုမာ ဇန်နဝါရီ ၁၆

ဒီမိုကရက်တစ် ကွန်ဂိုသမ္မတနိုင်ငံ၌ ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များက စစ်ထောက်လှမ်းရေးလုပ်ငန်းအတွက် အသုံးပြုနေသော မောင်းသူမဲ့လေယာဉ်တစ်စင်း ပျက်ကျမှု ဇန်နဝါရီ ၁၅ရက်က ဖြစ်ပွားကြောင်း ပြည်ထဲရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ဒီမိုကရက်တစ် ကွန်ဂိုသမ္မတနိုင်ငံ အရှေ့ပိုင်း ဂိုမာမြို့အနီးတွင် မောင်းသူမဲ့လေယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားကြောင်း၊ မောင်းသူမဲ့ လေယာဉ်ကို လွှတ်တင်အပြီး မကြာမီတွင် ပျက်ကျခဲ့ခြင်းဖြစ်ပြီး တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း အမည်မဖော်သူတာဝန်ရှိသူက ပြောကြားသည်။

ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ကအသုံးပြုနေသော မောင်းသူမဲ့လေယာဉ်များမှာ ဖယ်လ်ကိုအမျိုးအစား ဖြစ်ပြီး အီတလီကာကွယ်ရေး နည်းပညာအုပ်စုဖြစ်သော ပင်မက်ကာနီကာအုပ်စုအောက်ရှိ ဆဲလက်စ်အီးအက်စ်ကုမ္ပဏီက ထုတ်လုပ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ပီတီအိုင်။

အညာကျေးလက်များ၌ ရှင်ပြုအလှူပွဲများ စည်ကား

ကျောက်ပန်းတောင်း ဇန်နဝါရီ ၁၆

ယခုအခါ အညာဒေသတစ်ခုလုံးတွင် လယ်ယာလုပ်ငန်းခွင်များ သိမ်းဆည်းပြီးစီးပြီဖြစ်၍ တောင်သူများ ငွေရှင်ချိန်ဖြစ်သည့်နည်းတူ အညာကျေးလက်တောရွာများ၏သဘာဝ သားရှင်ပြုအလှူဒါနပွဲများဖြင့် စည်ကားလျက်ရှိနေကြပြီဖြစ်ရာ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင်လည်း ကျေးရွာတိုင်းလိုလိုပင် စည်သံ၊ ပြောသံ၊ သာစုခေါ်သံများဖြင့် ဘဝင်ညံမျှ ရှိနေကြသည်ကို တွေ့မြင်နေရပေသည်။

ယခင်ခေတ်များက ကျေးလက်အလှူပွဲများတွင် ရွှေရောင်ဝင်းပြောင်နေသည့် မဏ္ဍပ်ကြီးများ ဟည်းထအောင် ဆောက်လုပ်၍ လှူဒါန်းကြသည့် အလေ့အထများရှိခဲ့သော်လည်း ယခုအခါ ငွေကြေးတတ်နိုင်လွန်းသူများမှလွဲ၍ အတော်အတန်အလှူပွဲများတွင် မဏ္ဍပ်ထိုးလှူသည့် အလေ့အထနည်းပါးလာသည်ကို တွေ့ရပေသည်။ ယခင်က အလှူကြီးဟုခေါ်လျှင် မဏ္ဍပ်ကနားနှင့် တင့်တယ်လှပစွာပြင်ဆင်၍ ဆိုင်း၊ မင်းသမီး၊ ဘိသိက် အပြည့်အစုံငှားရမ်းလှူဒါန်းကြပြီး အလှူလေးဟုဆိုသည့် ဒေသအခေါ် တိုင်ထောင်အလှူမှာ မိမိအိမ်ရှေ့တွင် တိုင်ထောင်၊ ဝါးထိုး၊ ထန်းရွက်မိုး၍ ဆိုင်း၊ မင်းသမီး၊ ဘိသိက်မပါဘဲ သားရှင်ဖြစ်လှူဒါန်းကြခြင်းဖြစ်ပြီး ဧည့်ခံကျွေးမွေးရာတွင်မူ မည်သို့ပင်လှူသည်ဖြစ်စေ၊ အညာဓလေ့ဝက်သားဆီပြန်ချက်ကိုသာ အားထားကျွေးမွေးကြသည်ကို တွေ့ရပေသည်။ အဆိုပါကျေးလက်အလှူပွဲများ ကျေးရွာတိုင်းလိုလိုဆင်နွှဲနေကြသဖြင့် ယခုအချိန်အခါတွင် မီးစက်အငှားသမားများ၊ ဆိုင်း၊ မင်းသမီး၊ ဘိသိက်ဆရာများနှင့် ဗီဒီယိုရိုက်ကူးရေးသမားများ၊ အခမ်းအနားအပြင်အဆင်ငှားရမ်းသူများ၊ ရှင်လောင်းတင်မြင်း အငှားလိုက်သူများ လက်မလည်အောင် လုပ်ငန်းလုပ်ကိုင်နေကြရပြီး စီးပွားဖြစ် ဝက်မွေးမြူရေးလုပ်ကိုင်သူနည်းပါးသည့် အညာဒေသကျေးရွာများတွင် တစ်ပိုင်တစ်နိုင် ဝက်မွေးမြူရောင်းချသူများလည်း စီးပွားဖြစ်လျက်ရှိနေကြကြောင်း သိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

ချင်းတွင်းမြစ်အတွင်း သဲသောင်ပြင် ပိုမိုများပြားလာ၍ အမြန်ယာဉ်များ အခက်ကြုံလာ

ကလေး ဇန်နဝါရီ ၁၆

ချင်းတွင်းမြစ်သည် လွန်ခဲ့သော ၁၀ နှစ်ကျော်က ရေလမ်းကြောင်းကောင်းမွန်ခဲ့သော်လည်း ယခုနောက်ပိုင်းနှစ်ကာလများတွင် ရာသီဥတုဖောက်ပြန်မှုများနှင့် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ရွှေမျှောတိုက်သူများကြောင့် ချင်းတွင်းမြစ်ရေသည် သန့်ရှင်းမှုနည်းပါးလာပြီး ယခုဆိုလျှင် ပွင့်လင်းရာသီသို့ ရောက်ရှိနေပြီဖြစ်၍ မြစ်ရေမှာ အထူးကျဆင်းလာကာ သဲသောင်ပြင်ထွန်းသည့်နေရာလည်း များပြားလာသောကြောင့် ချင်းတွင်းရေကြောင်းသွား အမြန်ယာဉ်များအနေဖြင့် ဆင်းတွန်းရမှုများ ရှိနေကြောင်း သိရသည်။

"မုံရွာသဘော်ဆိပ်ကမ်းနားမှာလည်း သဲသောင်ပြင်ထွန်းတာ တအားများတယ်။ နောက် မင်းကင်းမြို့နား၊ ဟုမ္မလင်းမြို့နား၊ အလုံ၊ ရိုးသာ၊ ကျောက်မျက်နေရာတွေမှာ သဲသောင်ထွန်းရတာတွေ အများဆုံးပဲ၊ အဲဒီနေရာတွေရောက်ရင် ဆင်းတွန်းရတာတွေတောင် ရှိတယ်။ ဒါပြီး အခုအချိန်က ဆောင်းရာသီဆိုတော့ မြစ်ထဲမှာ မှိုင်းတိုက်တာတွေနဲ့ ဂရုစိုက်မောင်းနေရတယ်"ဟု အေးငြိမ်းချမ်းသာ အမြန်ယာဉ်လိုင်းမှ ယာဉ်မောင်း ကိုတင်လင်းက ပြောကြားသည်။

ချင်းတွင်းမြစ်သည် မိုးရာသီကာလတွင် ဟုမ္မလင်း၊ ခန္တီး၊ ဖောင်းပြင်၊ နန့်တော၊ နောင်ပိုအောင်၊ နာဂတောင်တန်းဒေသများအတွက် အဓိကကျသည့် သွားလာဆက်သွယ်ရေးလမ်းကြောင်းဖြစ်ပြီး ယခင်နှစ် နွေရာသီကာလတွင်မူ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ရွှေမျှောတိုက်သူများ နည်းပါးသွားခြင်းကြောင့် မြစ်ရေမှာ သိသိသာသာ ကြည်လင်လာခဲ့ကြောင်းလည်း ကလေးဝဆိပ်ကမ်းအနီးရှိ ဒေသခံများထံက သိရသည်။

(လင်းလက်ကြယ်စင်)

မြို့နယ်အခြေပြုမူလတန်းဆရာအတတ်ပညာ အထူးနည်းပြသင်တန်းဖွင့်

ထားဝယ် ဇန်နဝါရီ ၁၆

မြို့နယ်အခြေပြုမူလတန်းဆရာအတတ်ပညာအထူးနည်းပြသင်တန်းကို ဇန်နဝါရီ ၁၃ ရက်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်ပညာရေးကောလိပ်ကျောင်းခန်းမ၌ကျင်းပရာ ထားဝယ်ပညာရေးကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးက သင်တန်းဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ဆရာ၊ ဆရာမများ၏ သင်ကြားမှုအရည်အသွေးမြင့်မားစေရန်အတွက် ခေတ်နှင့်လျော်ညီသော သင်ကြားနည်းများကို အသုံးပြု၍ သင်ထောက်ကူပစ္စည်းများ ပြုလုပ်အသုံးပြုသင်ကြားရန် စသောရည်ရွယ်ချက်ကောင်းများထားရှိပြီး ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုလုပ်ဆောင်ရာတွင် ပညာရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်မှာ ပဓာနအကျဆုံး ပင်မစွမ်းအားတစ်ခုဖြစ်ပါကြောင်း၊ သက်ဆိုင်ရာတိုင်း ဒေသကြီး/ပြည်နယ်များတွင် အဓိကလိုအပ်လျက်ရှိသော အခြေခံပညာကျောင်းများရှိ လိုအပ်နေသော မူလတန်းအဆင့် ဆရာ၊ ဆရာမများ မိမိတို့ရပ်ရွာရှိ တက္ကသိုလ်မှ ဘွဲ့ရပြီးသောသူများကို ပြီးခဲ့သည့် ၂၀၁၃ခုနှစ် ဩဂုတ်လတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆွဲခန့် ၂၈၄၅၄ဦး၊ တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် ကျား ၁၃၈ ဦး၊ မ ၁၇၆၁ ဦး စုစုပေါင်း ၁၈၉၉ ဦး ခန့်အပ်ပေးခဲ့ပါကြောင်း၊ တိုင်းဒေသကြီး၏ ဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကကျသော ပညာရေးကဏ္ဍကို မိမိတို့မှာရှိသော အရည်အသွေးနှင့်သင်တန်းမှ ရရှိသော အတွေ့အကြုံကောင်းများနှင့် ပေါင်းစပ်ပြီး လာမည့်နွေရာသီအားလပ်ရက်တွင် အဆိုပါ ဆွဲခန့် ဆရာ၊ ဆရာမ ၁၈၉၉ ဦးအား ထပ်ဆင့်ပို့ချဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးပညာရေး ညွှန်ကြားရေးမှူးကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဦးသီးလှိုင်က သင်တန်းတက်ရောက်မည့်သူများအား အမှာစကားပြောကြားပြီး ထားဝယ်ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မူမူဝင်းက သင်တန်းဆိုင်ရာစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ပညာရေးသဘောတရား၊ ပညာရေးစိတ်ပညာ (မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ သိပ္ပံ၊ လူမှုရေး) သင်ပြနည်း၊ ကာယ၊ စက်မှုလက်မှု၊ ပန်းချီ၊ ဂီတ၊ စိုက်ပျိုးရေး၊ အိမ်တွင်းမှုဘာသာရပ်များကို သက်ဆိုင်ရာ ဆရာ၊ ဆရာမ ၂၀ က ပို့ချမည်ဖြစ်ပြီး မြို့နယ် ၁၀ မြို့နယ်မှ ဘာသာရပ် ၁၃ မျိုးအတွက် ၁၃ ဦး နှုန်းဖြင့် သင်တန်းသား၊ သင်တန်းသူ ၁၃၀ တက်ရောက်၍ သင်တန်းကာလမှာ ရက်သတ္တ နှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကသာခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူးစီမံကိန်းကြီးအဖွဲ့(၁)မှ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၊ တိုင်းဒေသကြီးဖြည့်စွက်ခွင့်ပြု ရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် ပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ကျောက်အမျိုးအစား	အရေအတွက်
၁။ထူး/စီ(၁)	(က)၆"-၉"ကျောက်	၂၉. ၃၈ကျင်း
	(ခ)၂"-၄"ကျောက်	၆၈၃. ၈၅ကျင်း
	(ဂ) ၁"-၂"ကျောက်	၁၀၃၈. ၂၈ကျင်း
	(ဃ) ၁/၄"-၃/၄"ကျောက်	၁၂၅၈. ၀၂ကျင်း
	(င) ၁/၈"-၁/၂"ကျောက်	၇၆. ၇၅ကျင်း
	(စ) ၂"-၃"ကျောက်	၆၇ကျင်း
	(ဆ)ဘိလပ်မြေ	၉၀၀တန်
	(ဇ)မြေကြီးတူးဖို့ခ	၂၆၅၈. ၆ကျင်း
	(ဈ)တောသစ်(ထူ)	၇၇. ၅၈တန်
	(ည)တောသစ်(ပါး)	၂. ၁၅တန်
	(ဋ)သဲ	၇၉၅. ၄၆ကျင်း
	(ဌ)ချောင်းသဲကျောက်	၂၄၂. ၇၅ကျင်း
(၂)ခရိုင်ပဆင	(က)၆"-၉"ကျောက်	၂၉၃. ၂၅ကျင်း
	(ခ)၂"-၄"ကျောက်	၂၀၁၅. ၇၅ကျင်း
	(ဂ) ၁"-၂"ကျောက်	၁၁၅၇. ၇၅ကျင်း
	(ဃ) ၁/၄"-၃/၄"ကျောက်	၂၆၀. ၄၄ကျင်း
	(င) ၁/၈"-၁/၂"ကျောက်	၁၂၉. ၇၅ကျင်း
	(စ)ဘိလပ်မြေ	၃၅၄. ၄၀၅တန်
	(ဆ)ဒီဇယ်ဆီ	၁၁၅၆ဂါလံ
	(ဇ)အုတ်	၁၈၁၃၆၁ချပ်
	(ဈ) သံချောင်း	၃၁. ၁တန်

တင်ဒါလျှောက်လွှာပိတ်ရက် - ၂၇-၁-၂၀၁၄ရက်
တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ညနေ ၅ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောင်ဖော်ပြပါဌာနတွင် ၁၅-၁-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိလိုသည့်အချက်များကို ရုံးချိန်အတွင်း မေးမြန်းနိုင်ပါသည်။

တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ- ခရိုင်အင်ဂျင်နီယာမှူးရုံး၊ကသာမြို့။

တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ
ဖုန်း-၀၇၅-၂၅၀၄၈၊ ၀၉-၄၂၈၃၁၉၂၀၃

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၁/၂၀၁၄)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-164(2013-2014)	7" Liner Hanger and Accessories	(2) Sets	US$
(၂)	IFB-165(2013-2014)	Ariel Compressor JGK-4 with Waukesha L-7042 GSI Spares	(14) Items	US$
(၃)	IFB-166(2013-2014)	Ariel Compressor JGE-2 with Waukesha F-2895 GSI Spares	(23) Items	US$
(၄)	IFB-167(2013-2014)	Ariel Compressor JGK-4 with Waukesha P-9390 GL Spares	(11) Items	US$
(၅)	IFB-168(2013-2014)	Cooper MH64 with Waukesha P-9390 GL Spares	(20) Items	US$
(၆)	IFB-169(2013-2014)	Cooper MH64 with Waukesha 12 VAT 27 GL Spares	(27) Items	US$
(၇)	IFB-170(2013-2014)	AJAX DPC 600 Engine Spares	(16) Items	US$
(၈)	IFB-171(2013-2014)	H 2475 G Waukesha Engine Spares	(22) Items	US$
(၉)	IFB-172(2013-2014)	NKK/Kobelco Compressor KJB-2 & KB-2 Spares	(24) Items	US$
(၁၀)	IFB-173(2013-2014)	Spares for Hydraulic Mobile Grove Crane	(1) Item	US$
(၁၁)	IFB-174(2013-2014)	Geological Survey Instrument	(1) Item	US$
(၁၂)	IFB-175(2013-2014)	Industrial Chamber Oven and Core Plug Drilling Machine for Applied Research Center	(2) Items	US$
(၁၃)	DMP/L-051(2013-2014)	Mechanical Spares for ZJ 70L SRI & II	(1) Lot	Ks
(၁၄)	DMP/L-052(2013-2014)	3.25 MM, 4.0 MM & 5.0 MM Welding Electrode	(3) Items	Ks

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၀-၂-၂၀၁၄ ရက် ၁၆:၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

ရန်ကုန်မြို့၌ လမ်းများကောင်းမွန်လာမှုကြောင့် မော်တော်ယာဉ်များ ဂျက်လေယာဉ်မောင်းသလို မောင်းနှင်

ရန်ကုန် ဇန်နဝါရီ ၁၆

မြို့တော်ရန်ကုန်ကို နိုင်ငံတကာအဆင့်မီမြို့တော်ဖြစ်စေရေးအတွက် လမ်းများချဲ့ခြင်း၊ လမ်းပေါက်များအား ဖာထေးခြင်း၊ လှိုင်းတွန့်လမ်းများအား ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေသဖြင့် စိတ်ကျေနပ်မှုရှိသော်လည်း လမ်းများကောင်းမွန်မှုကို အခွင့်ကောင်းယူ၍ ခရီးသည်တင် မော်တော်ယာဉ်များ တရကြမ်းမောင်းနှင်နေကြသောကြောင့် ဂျက်လေယာဉ်စီးနေရသလို စိတ်ခံစားမှုဖြစ်ပေါ်ပြီး အထိတ်တလန့်ဖြစ်ရကြောင်း ခရီးသည်များ ပြောဆိုနေမှုကို ကြားသိရသည်။

"ရှာက နွားလှည်းတွေလို အီကြာကွေးဆွဲပြီး မောင်းနေရင် ခရီးသည်ရမှာ မဟုတ်ဘူးလေ။ ကားတွေက တစ်ကားနဲ့တစ်ကား အပြိုင်ဖိုက်နေရတာ။ နောက်ကားကပ်ပါလာရင်တော့ သုတ်ခြေတင်ပြီး မောင်းရတာပဲ။ မှတ်တိုင်ပါရင်တော့ ကြိုပြီးပြောထားပေါ့ဗျာ"ဟု ယာဉ်နောက်လိုက်တစ်ဦးက ပြောသည်။

ယခုအခါ မြို့တော်ရန်ကုန်တွင် ခုံးကျော်တံတားများ တည်ဆောက်ခြင်း၊ တွေ့ရှောင်ကျော်ခွလမ်းပေါက်များအား ဖာထေးခြင်း၊ လှိုင်းတွန့်လမ်းများကို ထပ်ပိုးလွှာများ ခင်းခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်သုည

ကြက်ခြေနီအသင်းများ၏ အခြေခံစစ်ရေးပြပြိုင်ပွဲနှင့် ရှေးဦးပြုစုခြင်းစွမ်းရည်ပြိုင်ပွဲ ကျင်းပ

မြိတ် ဇန်နဝါရီ ၁၆

ပညာရေးဝန်ကြီးဌာနနှင့် မြိတ်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကျောင်းကြက်ခြေနီအသင်းများ၏ အခြေခံစစ်ရေးပြနှင့် ရှေးဦးပြုစုခြင်း စွမ်းရည်ပြိုင်ပွဲကို ဇန်နဝါရီလ ၁၁ ရက် နံနက် ၉ နာရီတွင် အထက(၁)၌ ကျင်းပရာ အခြေခံပညာကျောင်း ၁၀ ကျောင်းမှ ပြိုင်ပွဲဝင် ၄၂ သင်း ပါဝင် ယှဉ်ပြိုင်ကြရာ အခြေခံစစ်ရေးပြ ရှေးဦးပြုစုခြင်း၊ အသက်ရှူအားကူနည်း၊ ပတ်တီးစွမ်းရည်ပြိုင်ပွဲများကို ကျောင်းသား၊ ကျောင်းသူများက တပျော်တပါး ပါဝင်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် ကျောင်းကြက်ခြေနီအသင်းများ၏ အခြေခံစစ်ရေးပြနှင့် ရှေးဦးပြုစုခြင်း စွမ်းရည်ပြိုင်ပွဲဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၁၂ ရက် နံနက် ၉နာရီက အထက(၁) ပညာ့ဗိမာန်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်ကျောင်းကြက်ခြေနီအသင်းများအား ဂုဏ်ပြုမှတ်တမ်းလွှာ၊ အခြေခံစစ်ရေးပြ၊ ရှေးဦးပြုစုခြင်း၊ အသက်ရှူအားကူနည်း၊ ပတ်တီးစွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိသူများအား မြိတ်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် တနင်္သာရီတိုင်းဒေသကြီး ကြက်ခြေနီ တပ်ဖွဲ့ဦးစီးမှူး ပထမတန်း ဦးကြည်တင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(မြိတ်ခရိုင်ပြန်/ဆက်)

တိုင်းရင်းဆေးပညာဖြင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်

ရွှေဘို ဇန်နဝါရီ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် ဇန်နဝါရီ ၁၂ ရက်က ရွှေဘိုမြို့နယ် ခွန်ကောင်းကြီးကျေးရွာအုပ်စုရှိ ကျေးလက်နေ ပြည်သူများအား တိုင်းရင်းဆေးဝါးဖြင့် အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။ ပြည်သူများဘဝကျန်းမာပျော်ရွှင်စေရန် မုံရွာမြို့ ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံမှ ဆေးရုံအုပ်ကြီး ဦးနေအောင်နှင့် တိုင်းရင်းဆေးမှူး ခုနစ်ဦး၊ အလုပ်သင်ဆရာမ သုံးဦးတို့သည် ကျေးလက်နေသူများကို တိုင်းရင်းဆေးဖြင့် အခမဲ့ကုသရာတွင် ထုံနာ၊ ကျင်နာနှင့် အမူးရောဂါ၊ ရင်ကျပ်ရောဂါများအပြင် အထွေထွေရောဂါများကို ကုသပေးခဲ့ပြီး ဆေးရုံအုပ်ကြီးဦးနေအောင်က ကျေးလက်နေပြည်သူများအား ကျန်းမာရေးနှင့် ညီညွတ်အောင် နေထိုင်စားသောက်မှု အလေ့အကျင့်ကောင်းများကို ပညာပေးဟောပြောခဲ့သည်။ မုံရွာမြို့တိုင်းရင်းဆေးရုံမှ ကုသရေးအဖွဲ့နှင့်အတူ ရွှေဘိုခရိုင်နှင့်မြို့နယ် တိုင်းရင်းဆေးဆရာကြီးများက တိုင်းရင်းဆေးပညာဖြင့် ပါဝင်ကူညီကုသပေးခဲ့ကြောင်း သိရသည်။

"အခုလို တိုင်းရင်းဆေးနဲ့ လက်တွေ့ကုသပေးတာကို ခံရသလို ပညာပေးဟောပြောတာတွေကို ကြားရတဲ့အတွက် ကုသဖို့စီစဉ်တဲ့သူ၊ လာရောက်ဟောပြော ကုသပေးတဲ့ ဆရာကြီး၊ ဆရာမကြီးများနဲ့ ဝိုင်းဝန်းကူညီကြတဲ့သူတွေကို သာဓုအကြိမ်ကြိမ်ခေါ်ပါတယ်။ ကျန်းမာရေးအတွက် အခုလို လက်တွေ့လာရောက်ဟောပြောတာတွေကို ကြားနာနားထောင်မှတ်သားကြသလို နေ့စဉ်သတင်းစာ၊ ဂျာနယ်တွေထဲက ကျန်းမာရေးပညာပေးဆောင်းပါး သတင်းတွေကိုလည်း အချိန်နဲ့တစ်ပြေးညီ ဖတ်မှတ်ရလို့ ကျေးဇူးတင်နေပါတယ်"ဟု ခွန်ကောင်းကြီးဒေသခံ အဘိုးတစ်ဦးက ပြောကြားသည်။

မျိုးဝင်းထွန်း(မုံရွာ)

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများကို ပြည်တွင်းသုံးငွေ (ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က)	3 KW TV Transmitter (Dual Cast)	1 Set
(ခ)	Rail Camera (Studio Type)	1 Set
(ဂ)	News Room Computer System	1Lot
(ဃ)	Broadcasting Equipment	1Lot
(င)	Air Condition System	1 Lot

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၃-၁-၂၀၁၄ ရက်မှ ၂၄-၁-၂၀၁၄ ရက်ထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း) တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၅-၁-၂၀၁၄ ရက် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

စက်ပစ္စည်းများဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁

မြန်မာ့သစ်လုပ်ငန်း
သစ်သားဂန်ထရီဟောင်း(၁)လုံးနှင့် ဂိုဒေါင်ဟောင်း(၃)လုံးအား အိတ်ဖွင့်လေလံတင်ရောင်းချရန် ကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန လက်အောက်ရှိ အမှတ် (၁) သစ်စက် (ကြည့်မြင်တိုင်မြို့နယ်၊ ကမ်းနားလမ်းနှင့် နတ်စင်လမ်းထောင့်)အတွင်းရှိ သစ်သားဂန်ထရီဟောင်း (၁)လုံး နှင့် ဂိုဒေါင်ဟောင်း (၃)လုံးအား ဖျက်သိမ်းဝယ်ယူရန် အိတ်ဖွင့်လေလံဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) ပစ္စည်းအမျိုးအမည်	-	သစ်သားဂန်ထရီဟောင်း(၁)လုံးနှင့် ဂိုဒေါင်ဟောင်း(၃)လုံး
(ခ) လေလံတင်ရောင်းချမည့်နေ့ရက်	-	၆-၂-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၉း၃၀ နာရီ
(ဂ) လေလံတင်ရောင်းချမည့်နေရာ	-	အမှတ်(၁)သစ်စက်
(ဃ) လျှောက်လွှာရောင်းချမည့်နေ့ရက်	-	၂၀-၁-၂၀၁၄ ရက် (တနင်္လာနေ့)မှ ၄-၂-၂၀၁၄ ရက် (အင်္ဂါနေ့)အထိ

၂။ လျှောက်လွှာနှင့် စည်းကမ်းချက်များကို ၄-၂-၂၀၁၄ ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း အမှတ်(၁) သစ်စက်တွင် ဝယ်ယူနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
ဖုန်း-၀၁-၅၃၄၄၇၀၊ ၀၉- ၅၁၁၀၈၈၀၊ ၀၉- ၂၀၁၂၇၉၅

ဒေါက်တာစည်သူအောင် ဦးစီးသင်ကြားသော
စွမ်းအား ရာထူးဝင်ခွင့်သင်တန်း

- ထွေ/အုပ် ဒု ဦးစီးမှူး၊ တန်းခွဲသစ် ၂၃-၁-၂၀၁၄ ရက် စမည်။
-၂၃-၃-၂၀၁၄ ရက် ဖြေဆိုမည့် ရာထူးဝင်ခွင့်သင်တန်း တန်းခွဲသစ် ၂၅-၁-၂၀၁၄ ရက် စမည်။ အနီးကပ်သင်တန်းများရှိသည်။ နှုတ်ဖြေသင်တန်းများ ဖွင့်ပြီ။
-အမှတ်(၄၆၀) ဘုရားလမ်းနှင့် ဗိုလ်လက်ျာလမ်းထောင့်၊ ရန်အောင်(၁) ရပ်ကွက်၊ ပျဉ်းမနားမြို့၊ ဖုန်း-၀၆၇-၂၁၆၁၄၊ ၂၃၆၉၄၊ ၀၉ ၄၉၃၂၃၃၁၁၊ ၀၉- ၈၃၀၂၀၀၉

မြန်မာနိုင်ငံဗိသုကာ ဘုတ်အဖွဲ့
ကြေညာချက် (၁/၂၀၁၄)

(၁) မြန်မာနိုင်ငံဗိသုကာဘုတ်အဖွဲ့ (Board of Architects Myanmar)ကို ပြည်ထောင်စုအစိုးရ အစည်းအဝေးအမှတ်စဉ်(၂၂/၂၀၁၃)၏ သဘောတူညီချက်အရ ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့ ရက်စွဲပါ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၁၇၅/၂၀၁၃) ဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။

(၂) သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ ဗိသုကာဘုတ်အဖွဲ့မှ အကြီးတန်း လိုင်စင် ဗိသုကာမှတ်ပုံတင်လက်မှတ်များ (Senior License Architect Certificate) များကို ပထမအဆင့်အနေဖြင့် Registered Architect (RA) လက်မှတ်ရရှိပြီးသူများအား စတင်ထုတ်ပေးမည်ဖြစ်ပါသဖြင့် အောက်ပါအချက်များနှင့် ကိုက်ညီသူများ မြန်မာနိုင်ငံဗိသုကာဘုတ်အဖွဲ့ရုံးခန်းတွင် လျှောက်လွှာများ လာရောက်ထုတ်ယူ လျှောက်ထားနိုင်ရန် အသိပေးအပ်ပါသည်။

(က) မြန်မာနိုင်ငံဗိသုကာအသင်း အသိအမှတ်ပြု Registered Architct (RA) ဖြစ်ပြီး၊

(ခ) ဘွဲ့ရပြီးနောက် ဗိသုကာလုပ်ငန်းအတွေ့အကြုံ (၁၀)နှစ် တစ်ဆက်တစ်စပ်တည်း ရှိပြီးသူ၊

(၃) လျှောက်လွှာများကို ၁၅ ရက် ဇန်နဝါရီလ ၂၀၁၄ မှ စတင်ထုတ်ယူနိုင်ပြီး ၃၁ ရက် ဇန်နဝါရီလ ၂၀၁၄ နောက်ဆုံးထား၍ မြန်မာနိုင်ငံဗိသုကာဘုတ် အဖွဲ့ရုံးခန်းသို့ ပြန်လည်တင်ပြရန် ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်တွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာနိုင်ငံဗိသုကာ ဘုတ်အဖွဲ့ရုံးခန်းလိပ်စာ - **၂၂၈-၂၃၄၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ တတိယထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၃၁၅၄၄၆၀**



ပြောက်ဝယ်လိုသည်

09 31589922
09 31268183

ညောင်တုန်းပညာရေးဌာနသို့ ကျောင်းသုံးပရိဘောဂများ ဖြန့်ဝေ

ညောင်တုန်း ဇန်နဝါရီ ၁၆

နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပညာရည်မြင့်မားရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ကျောင်းများ၏ရုပ်ပိုင်းဆိုင်ရာနှင့် ကျောင်းသုံးပရိဘောဂများလိုအပ်သည့်နေရာဒေသများတွင် ဖြည့်ဆည်းပေးလျက်ရှိသည်။ ယခုနိုင်ငံတော်အစိုးရ၏ပံ့ပိုးထောက်ပံ့မှုဖြင့် ရီလင်းကို (YLK) ကုမ္ပဏီမှ တာဝန်ယူ၍ အခမဲ့ဖြန့်ဝေပေးလျက်ရှိသော ကျောင်းသုံးပရိဘောဂများကို ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ပညာရေးဌာနသို့ ဒီဇင်ဘာ တတိယပတ်နှင့် စတုတ္ထပတ်တို့တွင် စာရေးစားပွဲနှင့် ထိုင်ခုံများတွဲလျက် ခုံအလုံးရေ ၄၇၃ လုံးရောက်ရှိလာသည်။

ယင်းပရိဘောဂများတွင် လေးယောက်ထိုင် တွဲလျက်စာသင်ခုံ အစုံ ၂၁၈ စုံနှင့် တစ်ယောက်ထိုင်စာသင်ခုံအစုံ ၂၅၅ စုံတို့ကို ညောင်တုန်းမြို့နယ်အတွင်းရှိ မူလတန်း၊အလယ်တန်း၊ အထက်တန်းကျောင်းပေါင်း ၂၀၄ ကျောင်းတို့အား အမှန်တကယ်လိုအပ်သော ကျောင်းများသို့ ဦးစားပေးဖြန့်ဝေပေးမည်ဖြစ်ရာ ဇန်နဝါရီ ၉ ရက် နံနက်မှ စတင်ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ဝင်းမြင့်ကျော်(ညောင်တုန်း)

ကပ်ခို-ရေဘုတ် ချောင်းကူးတံတား ပန္နက်တင်

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၆

မော်လမြိုင်ကျွန်းမြို့နယ် ကပ်ခိုကျေးရွာအုပ်စု ရေဘုတ်ရွာမ ကိုယ့်အားကိုယ်ကိုး ချောင်းကူးတံတား ပန္နက်တင် မင်္ဂလာအခမ်းအနားနှင့် ပထမအကြိမ် အလှူငွေ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီက ရေဘုတ်ကျေးရွာ၌ ကျင်းပသည်။

ယင်းရေဘုတ်ရွာမ ချောင်းကူးတံတားအား မင်္ဂလာအချိန်တွင် မတည်အလှူရှင်များနှင့် ရေဘုတ်ရွာမ အလှူရှင်များက ချောင်းကူးတံတား ဆောက်လုပ်မည့်နေရာတွင် ရွှေအုတ်၊ ငွေအုတ်နှင့် ပတ္တမြားအုတ်တို့ဖြင့် မင်္ဂလာပန္နက်တင်ကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် မတည်အလှူရှင်များနှင့် ကျေးရွာအလှူရှင် ၆၃ ဦးတို့က ပထမအကြိမ်စုပေါင်းလှူဒါန်းငွေကျပ် ၃၅သိန်းအား ပေးအပ်လှူဒါန်းရာ ကပ်ခိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းက လက်ခံရယူသည်။

အဆိုပါမော်လမြိုင်ကျွန်းမြို့နယ်နှင့် ဝါးခယ်မမြို့နယ်လမ်းပန်းဆက်သွယ်ရေးအကျိုးပြု ရေဘုတ်ရွာမ ကိုယ့်အားကိုယ်ကိုး ချောင်းကူးတံတားမှာ အလျား ၁၁၁ ပေ၊ အကျယ် ကိုး ပေ၊ အမြင့် ၂၂ ပေရှိ အာစီကွန်ကရစ်ချောင်းကူးတံတားဖြစ်ပြီး တန်ဖိုးကျပ် သိန်း ၈၀ ဖြင့် ဆောက်လုပ်သွားမည်ဟု သိရသည်။ **(၃၆၄)**

ရန်ကုန် ဇန်နဝါရီ ၁၆

"ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" ၂၀၁၄ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးကို မတ် ၃၀ ရက်မှ ဧပြီ ၁၀ရက်ထိ ၁၂ ရက်တိုင်တိုင်အိမ်အကြောင်းအရာ၊ လူအကြောင်းအရာများ မေးခွန်း ၄၁ ချက်ကို ပါဝင်လုပ်အားပေးဆောင်ရွက်ကြမည့် ဆရာ၊ ဆရာမများ၊ ရပ်ကွက်များမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်အထောက်အကူပြုကော်မတီဝင်များ၊

သန်းခေါင်စာရင်းကောက်ယူရေး မြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်

ရပ်မိ၊ ရပ်ဖများ ပါဝင်၍ မေးခွန်းများကို မေးမြန်းနိုင်ရန်အတွက် ဗဟိုကော်မရှင်၊ ပြည်နယ်/တိုင်းကော်မတီ၊ ခရိုင်ကော်မတီ၊ မြို့နယ်ကော်မတီများ ဖွဲ့စည်းကာ လုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်သည်။

ယင်းသို့ဆောင်ရွက်ရာတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်တွင် မြို့နယ်သန်းခေါင်စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်တင့်၊ မြို့နယ်သန်းခေါင်စာရင်းကောက်ယူရေး ကော်မတီအတွင်းရေးမှူး ဦးထိန်လင်းသိန်း(လဝက ဦးစီးဌာနမှူး)နှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၈ရက်မှစ၍ မြို့နယ်အတွင်းရှိ ရပ်ကွက် (၂၁)ရပ်ကွက်များသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၆၈၄)**

ဝန်ထုပ်ဝန်ပိုးများ

အောင်ကျော်ညို (ဆင်ချဆိပ်)

ဂျပန်"ဇန်" ဗုဒ္ဓဘာသာပုံပြင်လေးတစ်ပုဒ်ကို ဖတ်မှတ်ဖူးပါသည်။ တစ်နေ့ ရဟန်းနှစ်ပါးတောလမ်းခရီးလျှောက်ကြစဉ် လမ်းခရီးရေအိုင်တစ်ခုအနီးတွင် တစ်ဖက်သို့ဖြတ်ကူးရန် အခက်ကြုံနေသော ကီမိုနိုဝတ်စုံနှင့် အပျိုဖြန်းလေးတစ်ဦးနှင့်ဆုံသည်။ တစ်ပါးသောရဟန်းမှာ မာတုကာမနှင့်ငါတို့ရဟန်းမအပ်စပ်။ ဗုဒ္ဓ၏ပညတ်တော်ကို လိုက်နာကျင့်ကြံသူမို့ မျက်လွှာချ တစ်ဖက်သို့ ကူးသွားသည်။ နောက်ရဟန်းတစ်ပါးမှာ ထိုသို့မဟုတ်။ အခက်ကြုံနေသော မိန်းမပျိုလေးအား ပွေ့ချီကာ တစ်ဖက်သို့ ပို့ပေးသည်။ ရှေ့ကသွားနေသောရဟန်း ဤဖြစ်စဉ်ကို မြင်တွေ့ချိန် ခဏ စိတ်မချမ်းသာဖြစ်သွားရသည်။ "ငါရှင်အာပတ်သင့်ပြီ"။ စိတ်ထဲမှာရေရွတ်ရင်းတစ်လမ်းလုံး စိတ်မကောင်းဖြစ် ခံစားနေရသလောက် မိန်းမပျိုလေးကို ပွေ့ချီ၍ လိုရာသို့ ပို့ပေးခဲ့သော ရဟန်းကား လွတ်လပ်ပေါ့ပါးလျှောက်မြဲခရီးလျှောက်လျက်။ ဤသို့ဖြင့် ညနေချမ်းတည်းခိုရပ်နားရမည့် ကျောင်းသို့ရောက်လာခဲ့သည်။ ပထမရဟန်းက မနေနိုင် "ငါ့ရှင်အာပတ်သင့်ပြီ" ဟု စိတ်မကောင်းစွာနှင့် ပြောသည်။ ဒုတိယရဟန်းက နားမရှင်း။ ပထမရဟန်းက မာတုကာမကို ပွေ့ချီသည့်ကိစ္စကို ပြောပြသည်။ ဒုတိယရဟန်းက ဟက်ဟက်ပက်ပက်ရယ်သည်။ ပြန်ပြောသည်။ "ငါ့ရှင်ကသာ လမ်းမှာတွေ့ခဲ့တဲ့ မာတုကာမလေးကို ဒီကျောင်းထိ သယ်ယူလာခဲ့တာကိုး၊ တပည့်တော်က ဟိုရေစပ်နားလမ်းခရီးမှာ ထားခဲ့ပါပြီ"ဟူ၏။

သတိမူသံဝေဂပွားစရာ ပုံပြင်ကောင်းလေးတစ်ပုဒ်ဖြစ်ပါသည်။ မိမိတို့မျက်စိအောက်မှာ တစ်ရံတစ်ခါအမှိုက်ထုပ်များကို တနင့်တပိုးသယ်ပိုးလျက် ပြုံးပြုံးရွှင်ရွှင်သွားလာနေကြသော"အရူး"ဆိုသူများကို တွေ့နေရတတ်သည်။ မြင်ရသူအားလုံးက ထိုအရူးဆိုသူများကို သနားစဖွယ်အမြင်နှင့် ပြုံးကြရယ်ကြ ပြုမူတတ်ကြသည်။ "ငယ်ငယ်တုန်းက သင်ခဲ့ရသည့်" "ချိုတကူးနှင့်ဂုဏ်ရည်မတူ" စာမူဆောင်းပါးလို အတုကိုအစစ်ထင် အစစ်ကို မမြင်နိုင်ကြသည့် ပုထုဇန္နောဥမ္မတ္တကော မိမိတို့လူသားများ။ သံဝေဂပွားစရာ ပုံပြင်လေးနှင့်ဝန်းကျင်ဖြစ်ရပ်များ။

တစ်နေ့ မိမိမွေးရပ်မြေက အသိတစ်ဦး၏နာရေးသို့ သွားဖြစ်သည်။ အသိပေါင်းမြောက်မြားစွာနှင့် ဆုံရသည်။ ရှေးဟောင်းနှောင်းဖြစ် ပြောကြဆိုကြပြောမဆုံးပေါင်ရှိနေကြသည်။ ထိုစဉ် အသိတစ်ဦး တကူးတက လာနှုတ်ဆက်သည်။ မွေးရပ်မြေမှာတုန်းက ညီအစ်ကိုအရင်းအချာလို ခင်မင်မပျက်နေလာခဲ့သူတစ်ဦး။ ရန်ကုန်ရောက်လာပြီးမှ ပြောင်းလဲသွားပြီဟု မိမိက တစ်ဖက်သတ်အတွေးနှင့် အမြင်မကြည်လင်ရှိနေခဲ့သူ။ "တွေ့တွေ့ချင်း ဆောက်နှင့်ထွင်း" လုပ်ခဲ့သူက မိမိ။ လူပုံအလယ်မှာ အရှက်ခွဲသလိုဖြစ်သွားရသည်။

မိမိဘဝနေညိုချိန်သို့ ရောက်ခဲ့ပါပြီ။ယနေ့ထိတိုင် အာဃာတ အတေးအမှတ်လေးတွေနှင့် ခရီးဆက်နေဆဲ။ အချစ်၊ အမုန်း ဟူသော သံယောဇဉ်ဝန်ထုပ်ဝန်ပိုးတနင့်တပိုးနှင့် ရုန်းမထွက်နိုင်ပိနေဆဲ။ မိမိ၏မပြည့်ဝသည့် လက္ခဏာ၊ လတ်တလောဖြစ်စဉ်က သက်သေပြနေသည်။ ကြီးလေ ချဉ်လေ သံပုရာသီးလိုဖြစ်နေသည်။ တစ်စုံတစ်ဦးကို အရှက်ရ အနာတရ ဖြစ်စေပြီးမှ မှားမှန်းသိကာ "လူမိုက်နောက်မှ နောင်တရ"ဖြစ်သွားရပြီ။

လက်ကျန်ဘဝခရီးလျှောက်လမ်းမှာ ပိနေဆဲဝန်ထုပ်ဝန်ပိုးပေါင်းများစွာကို သတိပညာနှင့် လျှော့ချနိုင်ဖို့ ကြိုးစားရင်း---။

လွဲချက်ရယ်က

တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဆိုတဲ့စကားက သိပ်မှန်တာပဲ၊ ကျွန်တော့်လို မကြာခဏ ခရီးထွက်ရတတ်တဲ့သူအဖို့ ပိုပြီး ကြုံတွေ့ရတတ်တာပေါ့။ ဟုတ်တယ်လေ နေရာဒေသအသီးသီးမှာ သူ့အရပ်နဲ့သူ့ဇာတ် ဆိုတာမျိုးတွေ့နေရတာတွေက တစ်မြို့တည်းမှာတောင် တောင်ပိုင်းနဲ့ မြောက်ပိုင်း မတူတာတွေအများကြီးပါ။ ကျွန်တော်တို့ရန်ကုန်ကခေါ်တဲ့ မန္တလေးပဲကြော်ကို မန္တလေးမှာ ရန်ကုန်ပဲကြော်လို့ခေါ်ကြတယ်ဗျ။ ဒီလိုပဲ ရန်ကုန်မှာ မန္တလေးရင်ကွဲဆိုတဲ့ သရက်သီးကို မန္တလေးသားများက ရန်ကုန်ရင်ကွဲလို့ ခေါ်ပါတယ်။

အဲဒီလို ဒေသကွဲလွဲတာတွေအကြောင်းပြောရင်းနဲ့ လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်ကျော်လောက်က အဖြစ်အပျက်လေး တစ်ခုကိုသတိရမိပါတယ်။ သတိရမိတိုင်းလည်း ကျွန်တော့်မှာ တကယ့်ကို မအီမသာဖြစ်ရတယ်ဗျာ။ ဖြစ်ပုံကတော့ အဲဒီအချိန်က ၈၈ အရေးအခင်းပြီးခါစ အလုပ်အကိုင် ရေရေရာရာမရှိတဲ့သူ ကျွန်တော့်မှာ ဟိုဟာလုပ်ရနိုး၊ ဒီဟာလုပ်ရနိုး ဖြစ်နေလို့ အမေ့ရဲ့မောင် ဦးလေးတစ်ယောက်ရဲ့ အကြံပေးလိုက်တဲ့ အလုပ်ပါပဲ။ ရန်ကုန်ကနေ ဓာတ်ခဲသုံး ရေဒီယို၊ ကက်ဆက်၊ စားပွဲတင်နာရီ၊ လက်ပတ်နာရီ၊ လက်နှိပ်ဓာတ်မီး၊ နေကာမျက်မှန်၊ ပုဆိုး၊ အင်္ကျီလေး စတာတွေ ဦးလေးနေတဲ့ရွာမှာ သွားရောင်းတဲ့အလုပ်ပါ။ ကျွန်တော့်ဦးလေးက မြောင်းမြခရိုင် ဘုရားချောင်းကျေးရွာမှာနေပါတယ်။ မြောင်းမြကနေ တစ်နေကုန်နီးပါး မော်တော်နဲ့သွားရပါတယ်။ မြောင်းမြကနေ နံနက် ငါးနာရီလောက်က ထွက်တာတောင် မွန်းလွဲ နှစ်နာရီလောက် ဘုရားချောင်းရွာကိုရောက်တယ်။ နံနက်စာကိုတော့ မြင်းကဆိပ်ဆိုတဲ့ရွာလေးမှာ ထမင်းဝယ်စားရတယ်။ တော်တော်မြို့နဲ့ဝေးပြီး ကရင်တိုင်းရင်းသားတွေ အများဆုံးနေထိုင်ကြပါတယ်။ စပါးပေါ်ချိန်မို့ အရောင်းသွက်ပါတယ်။ ဦးလေးအိမ်မှာနေရစားရတော့ စားစရိတ်ငြိမ်းမို့ အမြတ်လေးကလည်းရှိတာပေါ့။ ဒီလိုနဲ့ တစ်လနီးပါးကြာလို့ ပစ္စည်းတွေလည်း ရောင်းလို့ကုန်တော့ ရန်ကုန်ကိုပြန်ဖို့ ပြင်ဆင်ရတယ်။ အပြန်ကုန်အနေနဲ့ အဲဒီရွာမှာပေါတဲ့ ငါးခြောက် ငါးခြမ်းလေးတွေတစ်နိုင်တစ်ပိုင်ဝယ်ပြီးတော့ပေါ့။ ဒီလိုနဲ့ အကုန်ပြင်ဆင်ထုပ်ပိုးပြီး နံနက်လို ရန်ကုန်ပြန်မယ်လုပ်တော့မှ မပြန်ခင်ညမှာ အဖျားတက်ပါတော့တယ်။ ရန်ကုန်ကို ယူသွားမယ့်ပစ္စည်းတွေလည်း မြောင်းမြကိုထွက်မယ့် ဇော်လွင်ဆိုတဲ့ မော်တော်လေးပေါ်ကို တင်ထားပြီးပြီ။ အဲဒါနဲ့ ကျွန်တော့်ညီမတစ်ဝမ်းကွဲတစ်ယောက်က ကျွန်တော့်အတွက် သူတို့ရွာကလက်သုံးဆေးလို့ပြောပြီး တိုင်းရင်းဆေးတစ်ထုပ်ကိုဖောက်လို့ ဆေးငါးလုံးခြောက်လုံး ထုတ်ပြီးတိုက်လိုက်တယ်။ ညီဝမ်းကွဲတစ်ယောက်ကလည်း သူတို့ ခြံထွက်အနေတော် ကြက်လေးတစ်ကောင်ကို ချဉ်ငန်စပ်ပူပူလေးပြုတ်တိုက်လိုက်တော့ ချွေးတွေဘာတွေစို့ပြီး ချက်ချင်းဆိုသလို သက်သာသွားတယ်။ အဲဒီတော့ မူလအစီအစဉ် မဖျက်တော့ဘဲ ရန်ကုန်ပြန်ဖို့ဆုံးဖြတ်လိုက်တယ်။ နံနက် ၄ နာရီလောက်ထပြီး သင်္ဘောဆိပ်ဆင်းဖို့ လုပ်တော့ ဦးလေးလုပ်သူက သူ့သမီးကို ညည်းအစ်ကိုကိုဆေးတိုက်လိုက်ဦးဆိုတော့ ညီမလုပ်သူက ညတုန်းကလိုပဲ ဆေးခြောက်လုံး၊ ခုနစ်လုံးလောက်ထုတ်တိုက်ပြီး နေ့လယ်ကြရင် သင်္ဘောပေါ်မှာ သောက်ဖို့ လက်ကျန်ဆေးထုပ်ကို ကျွန်တော့်ခရီးဆောင်ဘေးအိတ်မှာ သေချာပြပြီး ထည့်ပေးလိုက်ပါတယ်။ ညရောမနက်ပါ သောက်သာသောက်လိုက်ရတယ်၊ မှန်အိမ်မီးရောင်မှုန်ဝါးဝါးနဲ့မို့ ဘာဆေးမှန်းမသိလိုက်ရပါဘူး၊ ပျောက်ချင်ဇောနဲ့ ဘာမှမစူးစမ်းဘဲသောက်ချလိုက်တာပါပဲ။

နေ့လယ်ထမင်းစားချိန်မှာ ညီမလုပ်သူ ထည့်ပေးလိုက်တဲ့ ထမင်းဘူးကိုဖွင့်စားပြီး သူထည့်ပေးလိုက်တဲ့ ဆေးကိုသောက်ဖို့ထုတ်လိုက်တယ်။ လက်ကျန်ဆေးတစ်ခွက်စာကို ပါးစပ်ထဲပစ်ထည့်ပြီးရေဘူးကို ဖွင့်သောက်ဖို့လုပ်ရင်း ဆေးထုပ်ကို သေချာကြည့်မိတော့ ပါးစပ်ထဲငုံထားတဲ့ ဆေးကိုမျိုချရမလို ထွေးထုတ်ရမလို ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဖြစ်သွားတော့တယ်၊ ဘေးနားကရွှယ်တူ မိန်းကလေးတွေက ပြုံးစိစိနဲ့ပေါ့။ အခုမှ ကိုယ်သောက်တဲ့ဆေးကို ကြည့်လိုက်မိတယ်။ ကေသီပန်သွေးပုပ်ချဆေးတဲ့ မျက်စိထဲမှာ လူရွှင်တော်ကိုရောကြီးကို လှစ်ခနဲမြင်မိတယ်။ ရှက်လိုက်တာတော့ မပြောပါနဲ့တော့။

(ကိုရွှေထိုက်)

ရေတာရှည် ဇန်နဝါရီ ၁၆

မြစ်ရေတင်ဆောင်းသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ဒေသတစ်ခုတွင် စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းပါက နေရာဒေသအနှံ့အပြားကို ဈေးနှုန်းချိုသာစွာ တင်ပို့ရောင်းချနိုင်၍ စားသုံးသူများနှင့် စိုက်ပျိုးသူများအကြား အပြန်အလှန် အကျိုးပြုလျက်ရှိသည်ကို တွေ့ရသည်။

ရေတာရှည်မြို့နယ်တွင် စားဖိုဆောင်သီးနှံများဖြစ်သော ပန်းဂေါ်ဖီ၊ ခရမ်းချဉ်၊ ခရမ်း၊ ကြက်သွန် အစရှိသည်တို့ကို စစ်တောင်းမြစ်မှ ရေတင်စိုက်ပျိုးသော ဒေသများဖြစ်သည့် ဇေယျာသိမ်၊ သရက်တောကျေးရွာ နှစ်ရွာအကြား စိုက်ပျိုးလျက်ရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို တွေ့ရသည်။ **(အပေါ်ပုံ)**

"ဒီနှစ်က ရေတင်ထားတော့ စိုက်ရက်နောက်ကျတယ်။ အစိုဓာတ်များတယ်လို့ ပြောရမှာပေါ့။ ခါတိုင်းနှစ်ထက် ရေတင်ရတာနည်းတယ်"လို့ ပေါင်းလိုက်နေသည့် အမျိုးသမီးတစ်ဦးက ပြောပြသည်။ မြေတစ်ဧကလျှင် ဂေါ်ဖီထုပ်၊ ဂေါ်ဖီပန်းအပင် အရေအတွက် တစ်သောင်းကျော်စိုက်ပျိုးပြီး မကြာမီ ခုတ်သိမ်းတော့မည်ဖြစ်ရာ ယခုလက်ရှိ ဈေးကွက်တွင် ရောင်းချနေသည့် ဈေးနှုန်းထက်ပိုမိုရောင်းချပေးနိုင်မည်ဖြစ်ကြောင်း အထက်ပါ အမျိုးသမီးကပင် ပြောပြသည်။ အဆိုပါ ဒေသထွက်ကုန်များအား အထက်ပါ ရေတာရှည်မြို့ဈေးအသီးသီးနှင့် ကျေးရွာများတွင် လည်းကောင်း၊ ရန်ကုန်ဈေးကွက်ကို တင်ပို့၍ လည်းကောင်း၊ စိုက်ပျိုးမြေတစ်ဧကလျှင် ငွေ ၁၀ သိန်းဝန်းကျင် ဝင်ငွေရရှိကြ၍ ဒေသခံတောင်သူများအနေဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

(၅၇၈)

လူမှောင်ခို၊ လူကုန်ကူးမှုနှင့် ပတ်သက်သော အကြောင်းအရာများ ဟောပြော

ပခုက္ကူ ဇန်နဝါရီ ၁၆

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် လူကုန်တားတပ်ဖွဲ့စိတ်မှူးကြီးမှူး၍ လူကုန်ကူးမှု၊ လူမှောင်ခိုနှင့် ကလေးသူငယ် လိင်အကြမ်းဖက်မှုမခံရစေရေး ဟောပြောပွဲကို ဇန်နဝါရီ ၁၂ ရက်က ပခုက္ကူမြို့ အမှတ်(၃) ကွက်သစ်ရပ် အောင်သိဒ္ဓိ ဓမ္မာရုံ၌ကျင်းပရာ ရဲအုပ်မိုးဇော်က လူကုန်ကူးမှု၊ လူမှောင်ခိုနှင့် ပတ်သက်သောအကြောင်းအရာများနှင့် ပြစ်မှုပြစ်ဒဏ်ဆိုင်ရာများကိုလည်းကောင်း၊ ဒုတိယရဲအုပ်ကျော်ဆန်းက ကလေးသူငယ်လိင်အကြမ်းဖက်မှုမခံရစေရေးသိမှတ်ဖွယ်ရာ အချက်အလက်များကိုလည်းကောင်း ဟောပြောခဲ့ကြကြောင်းနှင့် အဆိုပါဟောပြောပွဲသို့ အမှတ်(၃) ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးအုန်းရွှေနှင့် ရပ်မိရပ်ဖများ၊ ရပ်ကွက်ပြည်သူများတက်ရောက်ကြပြီး တက်ရောက်လာသူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(ဖေထွဏ်းဇော်)

စီးပွားရေးကြော်ငြာ



ကျေးလက်ထမင်းပေါင်းအိုးတီထွင်ထုတ်လုပ်

မကွေး ဇန်နဝါရီ ၁၆

မကွေးမြို့နယ် ဖိုလေးလုံးကျေးရွာ၌ ကိုရဲနိုင်ဆိုသူက ကျေးလက်ထမင်းပေါင်းအိုးတစ်ခု တီထွင်ပြုလုပ်၍ ကျေးရွာရှိ လူမှုရေး၊ ဘာသာရေးကိစ္စများတွင် အခကြေးငွေမယူဘဲ ကူညီ

လျက်ရှိသည်။

"အလှူတွေမှာ ထမင်းကျွေးတဲ့အခါ သိပ်ဒုက္ခများတယ်၊ အချိန်ကုန်ပြီး လူအင်အားသုံးရတယ်၊ ထမင်းရည်ငှဲ့တဲ့အခါ လူလေးငါးယောက်ဝိုင်းမပြီး ငှဲ့ရတာ၊ ခု ကျွန်တော်လုပ်တဲ့ ထမင်းပေါင်းအိုးကတော့ ကျွန်တော် ခရီးသွားရင်း အညာဘက်ကကျေးရွာတစ်ရွာမှာ တွေ့ခဲ့တာ၊ အဲဒါကို အတုယူပြီး ကျွန်တော်တတ်ထားတဲ့ ဝရိန်ပညာနဲ့လုပ်ထားတာ၊ ကျွန်တော်တို့ လူငယ်တွေ ငွေစုပြီးလုပ်တာ၊ ပစ္စည်းတန်ဖိုးနဲ့ လက်ခငွေကျပ် ၁၂၀၀၀၀ ကုန်ကျတယ်၊ ရွာထဲမှာလုပ်တဲ့ လူမှုရေးကိစ္စ၊ ဘာသာရေးကိစ္စ အလှူအတန်းတွေမှာ ထမင်းကျွေးတဲ့အခါ ဒီထမင်းပေါင်းအိုးနဲ့ အခမဲ့လိုက်ကူပေးတယ်" ဟုကိုရဲနိုင်က ရှင်းပြသည်။

ကိုရဲနိုင်သည် မလေးရှားသို့ ငါးနှစ်ခန့်သွားရောက်အလုပ်လုပ်ကိုင်ရင်း ဝရိန်ပညာကို တတ်မြောက်လာပြီး မိမိဒေသ၌ အခြေချ၍ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းတစ်ခု တည်ထောင်ထားသည်။ ထမင်းပေါင်းအိုးကို ပြောင်သွပ်ဖြင့်ပြုလုပ်ထားပြီး အမြင့် ငါးပေ၊ လုံးပတ်ရှစ်ပေရှိသည်။ ထမင်းတစ်ခါပေါင်းလျှင် တစ်တင်းခွဲခန့်ဆံ့သည်။ ထို့ပြင် အဆင့် ၁၀ ဆင့်ပါသော သံချောင်းများဖြင့်ပြုလုပ်ထားသော ငြမ်းတစ်ခုနှင့် ပြောင်သွပ်ဖြင့် လုပ်ထားသော ဆန်နှစ်ပြည်ဆံ့ ဗျပ် ၁၀ ဗျပ်လုပ်ရသည်။ ဗျပ်ထဲ၌ ဆန်နှင့်ရေသင့်တင့်အောင် ၁၀ ဗျပ်စလုံးထည့်ပြီး သံငြမ်းပေါ်ရှိအဆင့်များထဲသို့ ထည့်သွင်းရသည်။ ငြမ်းအောက်၌ မိုးပြဒယ်တစ်လုံးတွင် ရေထည့်၍ ထင်းမီးထိုးပေးရသည်။ ငြမ်းအပေါ်တွင် ထမင်းပေါင်းအုပ်ဆောင်းဖြင့် အုပ်ရသည်။ ၄၅ မိနစ်ကြာလျှင် ထမင်းကျက်သွားသည်။ ထို့နောက် ထမင်းဗျပ်များကို တောင်းထဲသို့လှယ်ထည့်၍ ငှက်ပျောရွက်အုပ်ကာ နှပ်ထားရသည်။ နောက်ထပ်တစ်တင်းခွဲထပ်ပေါင်းသည်။ ယခုတီထွင်သော ကျေးလက် ထမင်းပေါင်းအိုးသည် အချိန်နှင့်လူအားသက်သာပြီး သန့်ရှင်းပူနွေးသော အလှူထမင်းကို စားသုံးနိုင်ကြောင်း သိရသည်။

"ဒီထမင်းပေါင်းအိုးကို ကျွန်တော်တို့ ကျေးလက်လူငယ်တွေ ငွေစု၊ ကျွန်တော်က လုပ်အားစိုက်ပြီးပြုလုပ်ထားတာပါ၊ ရွာမှာ သာရေး၊ နာရေး၊ အလှူအတန်း၊ မင်္ဂလာဆောင်၊ ဘာသာရေးပွဲတော်တွေ ရှိတဲ့အခါ အခမဲ့ထမင်း လိုက်ကူချက်ပေးပြီး ကုသိုလ်ယူပါတယ်၊ ဒီထမင်းပေါင်းအိုးကို သဘောကျပြီး ရွာနီးချုပ်စပ်ကလည်း လာပြီးအပ်ကြပါတယ်။ ကျွန်တော် လက်ခံပြီး ဆောင်ရွက်ပေးနေပါတယ်"ဟု ကိုရဲနိုင်က ကျေးလက်ထမင်းပေါင်းအိုးနှင့် ပတ်သက်ပြီး ရှင်းပြသည်။ **(မကွေးလှမြင့်)**

ကျောင်းပြင်ပ မူလတန်းပညာရေး ကွင်းဆင်းစစ်ဆေးမှုများ ရှင်းလင်းဆွေးနွေး

မော်လမြိုင် ဇန်နဝါရီ ၁၆

၂၀၁၃-၂၀၁၄ ပညာသင်နှစ် ကျောင်းပြင်ပ မူလတန်းပညာရေး(ဒုတိယ)အကြိမ် ကွင်းဆင်းကြီးကြပ်စစ်ဆေးမှု တွေ့ရှိချက်များ ရှင်းလင်းဆွေးနွေးပွဲအဖြစ် မွန်ပြည်နယ်၏ NFPE ဒုတိယအကြိမ် ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၁၁ ရက်တွင် မော်လမြိုင် အထက(၆) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် မွန်ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးမင်းထွန်းတင်က အဖွင့်အမှာစကားပြောကြားပြီး ရုံးချုပ် NFPE တာဝန်ခံ ဦးအေးကြိုင် (ညွှန်ကြားရေးမှူး ပညာ-ငြိမ်း)က NFPE နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ တိုင်းဒေသကြီး၊ ပြည်နယ်ကြီးကြပ်ရေးမှူးများက တာဝန်ယူရသည့် မြို့နယ်များအလိုက် စစ်ဆေးတွေ့ရှိချက်များကို ရှင်းလင်းတင်ပြ ဆွေးနွေးကြသည်။

ဒေါ်ညွန့်ညွန့်ရီ(ပညာရှင်အဖွဲ့)က လုပ်ငန်း၏ အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးကြသည်။ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ၊ အခက်အခဲများနှင့် ဖြေရှင်းရန် နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။

ကလေးများ သင်ယူတတ်မြောက်မှု အားကောင်းစေရေး၊ စာအုပ်၊ စာရေးကိရိယာနှင့် သင်ထောက်ကူပစ္စည်းများပြည့်စုံမှု၊ အာဟာရကျွေးမွေးနိုင်မှုများကို ရပ်ရွာနေပြည်သူများ ပူးပေါင်းပါဝင်လာစေရေး စည်းရုံးဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြသည်။ (၁၀၇)

ပုဂံ-ညောင်ဦးဒေသတွင် နွားများအား လွှတ်ကျောင်းစနစ်ဖြင့် အများဆုံးမွေးမြူ

ညောင်ဦး ဇန်နဝါရီ ၁၆

မန္တလေးတိုင်းဒေသကြီး ပုဂံ-ညောင်ဦးဒေသရှိ ကျေးလက်ဒေသများတွင် နွားများအားလွှတ်ကျောင်းစနစ်ဖြင့် အများဆုံး မွေးမြူလျက်ရှိကြောင်း သိရသည်။

"မိုးနည်းဒေသဖြစ်တဲ့အတွက် နွားစာရှားပါးတယ်။ မိုးနဲ့ဆောင်းထက် နွေရာသီမှာဆို နွားစာက ပိုရှားပါတယ်။ ဒါကြောင့် ပုဂံ-ညောင်ဦးဘက်ကျေးရွာတွေမှာ နွားကိုလွှတ်ကျောင်းစနစ်နဲ့ပဲ မွေးမြူတာများတယ်။ တစ်ကောင်စနှစ်ကောင်စ နွားမွေးမြူသူကအစ ဆယ်ကောင်ကနေ အကောင် ၅၀၊ ၆၀ အထိ မွေးမြူတဲ့သူတွေအားလုံး နွားတွေကိုလွှတ်ကျောင်းစနစ်နဲ့ပဲ မွေးမြူတာ ဖြစ်ပါတယ်။ ညောင်ဦးဒေသဘက်မှာက စားကျက်မြေပေါသလောက် နွားစာရှားတယ်ဗျ"ဟု တုရွင်းတောင်ခြေအနီး နွားအုပ်များ နေ့စဉ်ကျောင်းသူ တောင်ဘကျေးရွာ ဒေသခံတစ်ဦးက ပြောသည်။

နွားဈေး ကောင်းမွန်မှုကြောင့် အညာဒေသတချို့တွင် မွေးမြူထားသည့် နွားကြီးနွားလတ်များကို ရောင်းချသူ အများအပြားရှိသော်လည်း လယ်ယာလုပ်ငန်းတွင် နွားများအား အဓိကအားထားအသုံးပြုနေရဆဲဖြစ်သည့် ပုဂံ-ညောင်ဦး ကျေးလက်ဒေသများတွင်မူ မွေးမြူထားသည့် နွားများကို ရောင်းချသူ နည်းပါးကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

လူမှုရေး/စီးပွားရေးကြော်ငြာ





အလုပ်သမားတိုင်း ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေသစ်ကို သိရှိရန်အထူးလိုအပ်

မုံရွာ ဇန်နဝါရီ ၁၆

အလွှာအသီးသီးရှိ အလုပ်သမားများအနေဖြင့် မိမိတို့ တိုးတက်ခံစားရရှိမည့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေသစ်၏ အာမခံစနစ်သစ်များကို သိရှိထားမှသာလျှင် မိမိတို့ရရှိမည့်၊ မိမိ မိသားစုရရှိမည့်အကျိုးအမြတ်များကို သိရှိမည်ဖြစ်သောကြောင့် သိတတ်နားလည်သူထံမေးမြန်းခြင်း၊ တာဝန်ရှိသူများက အလုပ်သမားများအား ပညာပေးဟောပြောခြင်းများကို ဆောင်ရွက်ခြင်းဖြင့် အလုပ်သမားများ၏ ရသင့်ရထိုက်သော ရပိုင်ခွင့်များကို တစ်ဖက်တစ်လမ်းမှ အကျိုးပြုပေးသင့်ကြောင်း အလုပ်သမားများဘက်မှ အမြဲတမ်းရပ်တည်ဆောင်ရွက်နေသူတစ်ဦးက ပြောကြားသည်။

"ကျန်းမာရေးနဲ့ လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်မှာ သတ်မှတ်ထားတဲ့ လုပ်ခဝင်ငွေအောက် လျော့နည်းရရှိတဲ့ အာမခံအလုပ်သမားတွေရဲ့ ကျောင်းနေသားသမီးတွေအတွက် ပညာသင်စရိတ်ထောက်ပံ့ကြေးကို မိသားစုထောက်ပံ့မှု အာမခံစနစ်အဖြစ် ခံစားခွင့်ရှိမှာဖြစ်ပါတယ်။ ဒါ့အပြင် မမျှော်လင့်ဘဲကြုံတွေ့ရနိုင်တဲ့ သဘာဝဘေးအန္တရာယ်ထောက်ပံ့ကြေးနဲ့ လိုအပ်တဲ့ ကယ်ဆယ်ရေးပစ္စည်းတွေကို ရရှိခံစားနိုင်မှာဖြစ်ပါတယ်"ဟု ၎င်းက ရှင်းပြသည်။

မိမိ၏ဆန္ဒကြောင့်ဖြစ်စေ၊ အပြစ်ဒဏ်ကြောင့် ဖြစ်စေ နုတ်ထွက်ရခြင်းမဟုတ်ဘဲ မိမိဆန္ဒမပါဘဲ လုပ်ငန်း၏ အခြေအနေအရ အလုပ်မှ နုတ်ထွက်ရခြင်းဖြစ်ပါက နောက်ထပ် အလုပ်သစ်မရမီစပ်ကြား အခက်အခဲမရှိစေရေးအတွက် အလုပ်လက်မဲ့အကျိုးခံစားခွင့် အာမခံစနစ်ကိုလည်း ဥပဒေသစ်တွင် ထည့်သွင်းပြဋ္ဌာန်းထားသဖြင့် အလုပ်သမားများသည် မိမိလစာ၏ ၁ ရာခိုင်နှုန်းကို အလုပ်လက်မဲ့အာမခံစနစ်ထည့်ဝင်ကြေးအဖြစ် ထည့်ဝင်ပေးသွင်းခြင်းဖြင့် တစ်နှစ် ပျမ်းမျှလုပ်ခ၏ ၅၀ ရာခိုင်နှုန်းကို သုံးနှစ်ထည့်ဝင်ကြေးပေးသွင်းပြီးပါက နှစ်လ၊ လေးနှစ်ထည့်ဝင်ကြေးပေးသွင်းပြီးပါက သုံးလနှင့် ခုနစ်နှစ်ထည့်ဝင်ကြေးပေးသွင်းပြီးပါက ခြောက်လအများဆုံး ခံစားခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် အလုပ်လက်မဲ့အကျိုးခံစားခွင့်ခံစားနေရသူသည် ထိုကာလအတွင်း ကျန်းမာရေးကုသခွင့်ရှိပြီး လူမှုဖူလုံရေး အိမ်ရာစီမံကိန်းရန်ပုံငွေသို့ (၁၅)နှစ်နှင့်အထက်ကာလကြာရှည် ထည့်ဝင်ကြေးပေးသွင်းထားသော အာမခံအလုပ်သမားတစ်ဦးသည် လူမှုဖူလုံရေးအိမ်ရာစီမံကိန်းတွင် သတ်မှတ်ချက်များနှင့်အညီ နေထိုင်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေသစ်တွင် အာမခံစနစ်သစ်များအတွက် မည်သည့်အကျိုးခံစားခွင့်မှမခံစားဘဲ မိမိပေးသွင်းခဲ့သော ထည့်ဝင်ကြေးငွေများကို ပြန်လည်ထုတ်ယူလိုလျှင် ထည့်ဝင်ငွေများကို အတိုးနှင့်တကွ ပြန်လည်ထုတ်ယူခွင့်ရှိကြောင်း အလုပ်သမားတိုင်း သိရှိရန် အထူးလိုအပ်လျက်ရှိနေကြောင်း အလုပ်သမားများဘက်မှ ဆောင်ရွက်နေသူက ဆိုသည်။

မျိုးဝင်းထွန်း(မုံရွာ)

အခွန်ရငွေများ မြို့နယ်စည်ပင်သို့ လွှဲပြောင်းပေးအပ်

ဖားကန့် ဇန်နဝါရီ ၁၆

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရရှိသော အခွန်ငွေများ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၁၃ ရက်က မြို့နယ်စည်ပင်သာယာရေး ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးကျော်သက်နိုင်နှင့်ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်လင်းနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးကျော်သက်နိုင်က မြို့နယ်အတွင်း အခွန်ကောက်ခံရရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး အခွန်ကောက်ခံရရှိငွေမှ ၅ ရာခိုင်နှုန်း စုစုပေါင်းငွေကျပ် ၂၁ သိန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်လင်းထံသို့ လွှဲပြောင်းပေးအပ်သည်။

အဆိုပါအခွန်ရငွေများ မြို့နယ်စည်ပင်သို့ လွှဲပြောင်းပေးအပ်ခြင်းမှာ ဘဏ္ဍာနှစ်အတွင်း ဒုတိယအကြိမ်ဖြစ်ပြီး စုစုပေါင်းငွေကျပ် ၅၅ သိန်းရှိပြီဖြစ်ကြောင်းသိရသည်။

(မြို့နယ်ပြန်/ဆက်)

လောင်းလုံမြို့နယ်တွင် ဝေဒီတစ်ထွာချောင်းတံတားဖွင့်

လောင်းလုံ ဇန်နဝါရီ ၁၆

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံမြို့နယ် ဝေဒီကျေးရွာ ဝေဒီတစ်ထွာချောင်း သံကူကွန်ကရစ် တံတားဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် နံနက် ၈ နာရီက ယင်းတံတား၌ ကျင်းပသည်။

ရှေးဦးစွာ ဝေဒီတစ်ထွာချောင်း သံကူကွန်ကရစ်တံတားကို တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဒေါက်တာဝင်းအောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုး၊ တံတားဖြစ်မြောက်ရေးကော်မတီ ဦးစိန်ဝင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်အောင်၊ ဂျပန်နိုင်ငံမှ အလှူရှင် Mr.takahashi masanori တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ တံတားကမ္ပည်းကျောက်စာတိုင်ကို တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးထင်အောင်ကျော်က စက်ခလုပ်နှိပ်ဖွင့်လှစ်ပေးပြီး တံတားပေါ် ဖြတ်သန်းကြည့်ရှုကြသည်။

ယင်းတံတားသည် အလျား ပေ ၁၂၀၊ အကျယ် ၁၈ ပေ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး ၄-၁-၂၀၁၃ ရက်နေ့တွင် အုတ်မြစ်စတင်စီကာ ၂၈-၆-၂၀၁၃ ရက်နေ့တွင် တည်ဆောက်ပြီးစီးသည်။ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ထည့်ဝင်ငွေကျပ်သိန်း ၃၅၀၊ လောင်းလုံမြို့နယ် သံဃာတော်များက ငွေကျပ်သိန်း ၁၂၀၊ TAKAMASA Co.,Ltd. JAPAN မှ Mr.takahashi masanori က ငွေကျပ် သိန်း ၁၀၀၊ ကြူကြူမွေးကုမ္ပဏီလီမိတက် (ရန်ကုန်)က ငွေကျပ်သိန်း ၁၀၀၊ ဝေဒီရွာမှ ပြည်သူများက ငွေကျပ် ၂၉၇ သိန်း စုစုပေါင်းငွေကျပ် ၉၆၇ သိန်းဖြင့် တည်ဆောက် ပြီးစီးအောင်မြင်ခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ ဆက်)

ပခုက္ကူမြို့ပေါ်ကျီးမနိုးဈေးတွင် ရောင်းဝယ်သူများအဆင်ပြေ

ပခုက္ကူ ဇန်နဝါရီ ၁၆

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ လွတ်လပ်ရေးပန်းခြံအရှေ့ဘက်တွင် ဆောင်းရာသီကျီးမနိုးဈေးကို ဇန်နဝါရီ ၁၂ ရက် နံနက် ၅ နာရီတွင် ဟင်းသီးဟင်းရွက်၊ အသီးအနှံရောင်းဝယ်သူများ၊ သပြေပန်းရောင်းဝယ်သူများဖြင့် အထူးစည်ကားနေကြောင်း သိရသည်။

အဆိုပါဈေးတွင် ရောင်းသူများမှာ ကုက္ကိုလှရွာ၊ ရွာသစ်ကုန်းရွာ၊ ကျွန်းဦးရွာ၊ ပခုက္ကူကျွန်းရွာ၊ ဗွက်ကုန်းရွာ၊ ပုဇွန်ကုန်းရွာ၊ လိပ်ကုန်းရွာများမှ တောင်သူများဖြစ်ပြီး ၎င်းတို့သည် ဧရာဝတီမြစ်ရေကျချိန် ကျွန်းမြေနုများပေါ်တွင် ထွန်ယက်စိုက်ပျိုးခြင်းဖြင့် လည်းကောင်း၊ မိမိကိုယ်ပိုင်အိမ်ခြံဝင်းအတွင်းတွင်လည်းကောင်း အသီးအနှံပင်များဖြစ်သော မုန်လာဥ၊ ကန်စွန်းရွက်၊ ခရမ်းသီး၊ နံနံပင်၊ ငရုတ်ပင်၊ ကြက်သွန်မြိတ်တို့အပြင် အောင်သပြေပန်းများ၊ ကိုရီးယားသပြေ၊ သပြေညို၊ သပြေစိမ်း၊ သစ္စာပန်း၊ မေမြို့ပန်း၊ နှင်းဆီပန်းစသည့် ပန်းမျိုးစုံတို့ကိုပါ စီးပွားဖြစ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

နေ့စဉ်နံနက် ၂ နာရီမှစတင်ကာ ကျီးမနိုးဈေးသို့ ရောင်းချရန် ခြေကျင်၊ စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီးယာဉ်များဖြင့် သယ်ယူရောင်းချရာ နံနက် ၇ နာရီအထိ မြို့နယ်စည်ပင်သာယာရေးကော်မတီက ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေး၊ ပြည်သူများ ဝယ်ယူစားသုံးမှု အဆင်ပြေချောမွေ့စေရေးအတွက် ကျီးမနိုးဈေးကို ခွင့်ပြုထားသည်။ ယင်းဈေးမှ ဝယ်ယူသူများမှာ ဈေးနှုန်းချိုသာသည့်အပြင် လက်လီ၊ လက်ကား ရောင်းချသူများအတွက်ပါ အဆင်ပြေ တွက်ခြေကိုက်လျက်ရှိကြောင်း သိရသည်။ ဆောင်းရာသီဥတုက အေးသည်၊ ချမ်းသည်၊ ပင်ပန်းသည်မသိ ကျေးလက်ဒေသပြည်သူများ မိသားစုစားဝတ်နေရေး တစ်နိုင်တစ်ပိုင် ရုန်းကန်ကြရသည်။ အချို့သောကျေးရွာများမှာမူ ကိုယ်ပိုင်လှည်းယဉ်ဖြင့်လာရောက်ကာ ရောင်းချလေ့ရှိကြသည်။ ကျီးမနိုးဈေးမှ တစ်ဆင့် လက်ကားရောင်းချပေးသဖြင့် တစ်ဆင့်ပြန်လည်ရောင်းသူတို့တွင်လည်း ဈေးနှုန်းချိုသာသဖြင့် ရောင်းသူနှင့်ဝယ်သူများ အဆင်ပြေတွက်ခြေကိုက်လျက်ရှိကြောင်း သိရသည်။

(အောင် -မန်းတက္ကသိုလ်)

အများသိစေရန်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အနီးစခန်း၊ ကွဲနွားထောက်ကျေးရွာ၊ ကွင်းအမှတ်-၇၀၆(က)၊ ဦးပိုင်အမှတ်-၇၀/၇၆-၃၊ မြေဧရိယာ (၀. ၃၃)ဧက ပေ(၁၂၀×၁၂၀)ရှိ ယာမြေအိမ်ဝင်း မြေနေရာနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ယခင်ပိုင်ရှင် ဦးကျော်မြင့်[၉/မနမ(နိုင်)၀၉၈၃၂၁]ထံမှ ကျွန်ုပ် ဦးလှရွှေက ၁၈-၁-၂၀၁၀ရက်တွင် ဂုဏ်သရေရှိ သက်သေလူကြီးမင်းများရှေ့မှောက်၌ အပြီးအပိုင် လွှဲပြောင်းဝယ်ယူ လက်ခံရရှိပြီး ဖြစ်ပါသည်။ သို့ဖြစ်၍ အဆိုပါမြေနေရာတွင် တရားမဝင် ကျူးကျော်ဝင်ရောက် နေထိုင်စိုက်ပျိုးခြင်း၊ ဖျက်ဆီးခြင်းများရှိပါက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးလှရွှေ(ပါ-၂) အင်ဂျင်နီယာမှူး (သတ္တုတွင်း)
[၅/ကလဝ(နိုင်)၀၀၆၉၂၉]
အခန်း-၃၃၊ တိုက်-၆၁၊ ခရေအိမ်ရာ၊ ပညာသိဒ္ဓိရပ်ကွက်၊
ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်





သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မောင်ဝေယံဖြိုး[၁၂/သဃက(နိုင်)၁၇၆၅၅၅]သည် မိဘနှစ်ပါး၏ဆိုဆုံးမမှုကို လက်မခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

ဒေါ်ကြည်[၁၂/သဃက(နိုင်)၀၅၀၃၉၁]

